# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 28 March 2024 ၁၁၄၁၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

၂၀၂၄ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


**(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ** စာမျက်နှာ » ၁၂

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး** Colonel General Alexander Vasilyevich Fomin **ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို** စာမျက်နှာ » ၁၃

**ငြိမ်းချမ်းလှပပါစေ ကျိုန်းတောင်ခြေ ရာမောင်မြစ်ကမ်းမှ မင်းပြားမြေ**



ဆောင်းပါး စာမျက်နှာ » ၁၄

ကြေးမုံ

# အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် “တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်” ဟူသည့် အချက်ကို ချမှတ်ထားသည်။ အဆိုပါရှေ့လုပ်ငန်းစဉ်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်ဖြစ်ထွန်းခဲ့သည်။

နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနိုင်ခဲ့သည့် လုပ်ငန်းများကို သုံးသပ်ကြည့်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး၊ စားအုန်းဆီကို ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝါဂွမ်းကို ပြည်တွင်း၌ပင် လုံလောက်စွာထုတ်လုပ်ပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော်ပေးနိုင်ခဲ့သည်ကိုတွေ့ရသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ကို အားပေးမြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး အခြေခံလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ သောက်သုံးရေရရှိရေး စသည့်လုပ်ငန်းများ၊ ကျေးလက်ဒေသများတွင် ကုန်ထုတ်လမ်းများ၊ ရာသီမရွေး သွားလာနိုင်သည့် လမ်းကွန်ရက်များ တည်ဆောက်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အသွေးမြင့်မားသည့် ပညာရေးစနစ်ဖြစ်စေရန် ပညာရေးအထောက်အကူပြုလုပ်ငန်းများ၊ ကျန်းမာရေးကဏ္ဍ တိုးတက်စေရေး စသည့်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

“နိုင်ငံတော်၏ လူမှုစီးပွားရေးအဆောက်အအုံများကို ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်ခိုင်မာအောင် တည်ဆောက်ရာတွင် ပြည်တွင်းအင်အားကသာ အဓိကကျသည့်အတွက် ပြည်တွင်း၌ရှိသည့် အရင်းအမြစ်မျိုးစုံကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုကြရမည်ဖြစ်ကြောင်း” အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄) အစည်းအဝေးတွင် ပြောကြားခဲ့သည်။ ထို့ကြောင့် နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကိုရှေးရှု၍ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် လုပ်ငန်းအသီးသီး အောင်မြင်ရေးအတွက် ယခုထက် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝသောနိုင်ငံ ဖြစ်သည်။ စိုက်ပျိုးနိုင်သော ရေမြေသဘာဝများလည်း ပိုင်ဆိုင်ထားပြီးဖြစ်သည်။ ရေသယံဇာတနှင့် သားငါးများလည်း အလုံအလောက်ရှိသောနိုင်ငံဖြစ်သည်။ အဆိုပါနိုင်ငံတော်၏ အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး တိုးတက်သည့် ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည် ဖြစ်သည်။ ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံ့ဘဏ္ဍာငွေနှင့် ပတ်သက်၍ မကြာမီတွင် သတ်မှတ်ကာလပြည့်မည်ဖြစ်၍ ပိုလျှံရန်ပုံငွေများကို ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် အကျိုးရှိရှိ အသုံးချကြရမည် ဖြစ်သည်။

ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးကို ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဝါသီးနှံအထွက်တိုးရေးကိုလည်း ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဝါကို မိုးနည်းသည့်ဒေသများတွင် အများဆုံးစိုက်ပျိုးကြသဖြင့် ဆိုလာဖြင့် လျှပ်စစ်ထုတ်လုပ်သည့်စနစ်ကိုအသုံးပြု၍ ဝါသီးနှံကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဝါစိုက်ပျိုးရာတွင် အရည်အသွေးမီ ဝါမျိုးများကို ပြောင်းလဲစိုက်ပျိုးကြရမည်ဖြစ်ပြီး ပြည်ပသို့ ဝါကုန်ကြမ်းအစား အရည်အသွေးမီ ဝါဂွမ်းများ ပို့ဆောင်နိုင်ပါက စီးပွားရေးအရ တွက်ခြေကိုက်မည်ဖြစ်သည်။ ပြည်တွင်း၌ ဝါဂွမ်းကို တိုးတက်ထုတ်လုပ်ပြီး အဆင့်မီချည်ထည်များ ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး အဆိုပါလုပ်ငန်းများကိုအခြေခံ၍ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများ တိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးတက်လာပါမှ စက်ရုံ၊ အလုပ်ရုံများလည်ပတ်ပြီး ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လည်ပတ်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ အခြေခံအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာလျှင် နိုင်ငံ၏ GDP လည်း မြင့်မားတိုးတက်လာပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

## ရမည်းသင်းမြို့နယ် စာစစ်ဌာနမှ စာဖြေသံဃာများအား အောင်လက်မှတ်နှင့် ဆုဆက်ကပ်လှူဒါန်း



ရမည်းသင်း မတ် ၂၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၃ ခုနှစ် ပထမပြန်စာမေးပွဲတွင် ရမည်းသင်း မြို့နယ်စာစစ်ဌာနမှ အောင်မြင်တော်မူကြသော သံဃာတော်များအား (၂၈) ကြိမ်မြောက် အောင်လက်မှတ်နှင့် ဆုဆက်ကပ်ပွဲအခမ်းအနားကို ရန်အောင်မြင် သာသနဗိမာန်တော်အတွင်း၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အခမ်းအနားကို နမောတသ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်နာယူကြသည်။ နိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာ ဘွဲ့ထူးမြှင့်တော်မူသော သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ လေသာကျောင်းဆရာတော်အား ဘွဲ့တံဆိပ်နှင့် ဆုငွေများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးအဖွဲ့မှ ဆက်ကပ်ပြီး ဂန္ထဝိစက ပဏ္ဍိတဘွဲ့ရ ဓမ္မအောင်လံစာသင်တိုက်ဆရာတော်အား မြို့နယ် အထွေထွေ အုပ်ချုပ်ရေးအဖွဲ့က ဆက်ကပ်ပြီး ပင့်သံဃာအပါး ၃၀ ကျော်အား အလှူရှင်များက အလှူငွေများဆက်ကပ် လှူဒါန်းကြသည်။ ၁၄၄

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းအချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် (၆:၀၀) နာရီမှစပြီး ရခိုင်၊ ရှမ်း၊ ‘ဝ’ ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း (ချိုး) ၊ မွန်ဘာသာအစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်နေ့မှစပြီး ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် (၆:၀၀) နာရီမှ (၈:၀၀) နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ နံနက် (၈:၀၀) နာရီမှ (၁၀ :၀၀) နာရီအထိ ‘ဝ’ဘာသာ အစီအစဉ်၊ နံနက် (၁၀:၀၀) နာရီ မှ နံနက် (၁၂:၀၀) နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၄:၀၀)နာရီအထိ ကယားဘာသာ အစီအစဉ်၊ မွန်းလွဲ (၁၄:၀၀)နာရီမှ ညနေ(၁၅:၀၀) နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ ညနေ(၁၅:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအထိ အနောက်ပိုး ကရင်ဘာသာ အစီအစဉ်၊ ညနေ(၁၆:၀၀)နာရီမှ (၁၇:၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ ညနေ(၁၇:၀၀)နာရီမှ ည(၁၈:၀၀) နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာ အစီအစဉ်၊ ည(၁၈:၀၀) နာရီ မှ (၁၉:၀၀)နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ ည (၁၉:၀၀)နာရီ မှ (၂၁:၀၀) နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ည(၂၁:၀၀) နာရီ မှ (၂၃:၀၀) နာရီအထိ ရခိုင်ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့် သွားမည်ဖြစ်ပါသည်။

## ပင်းတယမြို့နယ်၌ အရင်းမပျောက်ပံ့ပိုးငွေဖြင့် သွင်းအားစုမြေသြဇာများ ပေးအပ်

ပင်းတယ မတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သမဝါယမဦးစီးဌာနသည် ပြည်နယ်အစိုးရမှရရှိသည့် ငွေလုံးငွေရင်းရန်ပုံငွေမှ အရင်းမပျောက်ပံ့ပိုးငွေဖြင့် သွင်းအားစု မြေသြဇာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျားကုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး ဟိန်းထက်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပင်းတယမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျားကုန်းစံပြကျေးရွာ အောင်မြင်သစ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟိန်းထက်ဇော်နှင့် တာဝန်ရှိသူများက အသင်းသားတောင်သူများအား သွင်းအားစုမြေသြဇာများကို ပေးအပ်ခဲ့ကြပြီး အသင်းဥက္ကဋ္ဌက သွင်းအားစု မြေသြဇာများပေးအပ်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁)နှင့် တာဝန်ရှိသူများ၊ ဒေသအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပင်းတယမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သမဝါယမအသင်းသားတောင်သူများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ပြီး အသင်းသားတောင်သူများ၏ စိုက်ပျိုးဧက ၁၆၆ ဧကအတွက် မြေသြဇာ ၃၂၂ အိတ် စုစုပေါင်းငွေကျပ် ၂၇၇ သိန်းတန်ဖိုးရှိ သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**ရဲဘော်တို့**

ဒီနေ့ဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းနဲ့အတူ နိုင်ငံတော်ရဲ့လိုအပ်ချက်၊ ပြည်သူတွေရဲ့ ကြိုးပမ်းချက်တွေနဲ့ ယှဉ်တွဲပေါ်ပေါက်လာတဲ့ တို့တပ်မတော်ရဲ့ (၇၉) နှစ်မြောက်တပ်မတော်နေ့ဖြစ်တယ်။ ဒါ့အပြင် တို့တပ်မတော်ဟာ တိုင်းရင်းသားပြည်သူတို့နဲ့ အတူလက်တွဲပြီး ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ အမျိုးသားရေးအားမာန်တွေနဲ့ ဖက်ဆစ်တော်လှန်ရေးကြီးတစ်ရပ်ကို အောင်မြင်စွာ စတင်ဆင်နွှဲခဲ့တာကြောင့် သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့တဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။

**ရဲဘော်တို့**

ဆုံးရှုံးသွားတဲ့ နိုင်ငံ့လွတ်လပ်ရေးပြန်ရဖို့ နယ်ချဲ့အင်္ဂလိပ်တွေကို တိုက်ယူမှရမယ်လို့ ယုံကြည်တဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်မှာ ခေတ်မီစစ်ပညာများ သင်ကြားခဲ့တယ်။ ဂျပန်တို့နဲ့လက်တွဲပြီး နယ်ချဲ့အင်္ဂလိပ်တွေကို တိုက်ထုတ်ခဲ့သလို ဆိုးရွားလှတဲ့ ဂျပန်တို့ရဲ့ အုပ်ချုပ်၊ ဆက်ဆံရေးတွေကြောင့် ပြည်သူတို့နဲ့အတူလက်တွဲပြီး ဖက်ဆစ်ဂျပန်ကို ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ကစပြီး ပြန်လည်တိုက်ထုတ်ခဲ့ရတယ်။ တို့တပ်မတော်ဟာ ပြည်သူနဲ့အတူလက်တွဲပြီး နိုင်ငံကို လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့သလို လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေဖို့အတွက် ပြည်သူ့ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့တယ်။ တို့နိုင်ငံကို နယ်ချဲ့ ဗြိတိသျှတို့ရဲ့ သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့မှု၊ ဒုတိယ ကမ္ဘာစစ်အတွင်း စစ်တလင်းဖြစ်ခဲ့ရတဲ့အတွက် စစ်ကျန်လက်နက်တွေ များပြားမှု၊ နိုင်ငံရေးအယူအဆကွဲပြားမှုတို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) အနေနဲ့ ၁၉၄၈ ခုနှစ်၊ မတ်လမှာ တောခိုခဲ့ရာကစပြီး **“ရောင်စုံသောင်းကျန်းသူများ”** လို့ ခေါ်ဆိုရတဲ့အထိ နိုင်ငံအနှံ့မှာ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းအများအပြား ပေါ်ပေါက်လာခဲ့တယ်။ ဒါပေမယ့်လည်း တို့တပ်မတော်အနေနဲ့ နိုင်ငံနဲ့အဝှမ်း စစ်ဆင်ရေးကြီး အမြောက်အမြားကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုကြီး မပြိုကွဲအောင် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့တယ်။

**ရဲဘော်တို့**

တို့တပ်မတော်အနေနဲ့ အဲဒီလို ပြည်တွင်းရောင်စုံ သောင်းကျန်းသူတွေကို နှိမ်နင်းခဲ့ရတဲ့အပြင် ရှမ်းပြည်နယ်မှာ တရုတ်ဖြူကူမင်တန်တွေရဲ့ ကျူးကျော်မှုနဲ့ ရခိုင်ပြည်နယ်မှာ မူဂျာဟစ်ကုလားဆိုးတွေရဲ့ သောင်းကျန်းမှုစတဲ့ ပြည်ပကျူးကျော်မှုအန္တရာယ်များကိုလည်း အချုပ်အခြာအာဏာနဲ့ဆိုင်တဲ့ အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့ ကာကွယ်နှိမ်နင်းခဲ့ရတယ်။ ဒါ့အပြင် ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှု အရေးအခင်းမှာ အုပ်ချုပ်ရေးယန္တရားပျက်ပြားမှုနဲ့ ၂၀၂၀ ပြည့်နှစ် နိုင်ငံတော်အာဏာကို အတင်းအဓမ္မ ရယူရန်ကြိုးပမ်းမှု စတဲ့ အန္တရာယ်ကြီးမားတဲ့ အရေးကိစ္စတွေ ကြုံတွေ့ခဲ့တဲ့အချိန်တွေမှာလည်း နိုင်ငံတော်အတွက် ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့ရတယ်။ ဒါကြောင့် တို့တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူရဲ့အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမယ့် ကိစ္စရပ်မှန်သမျှကို လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစပြီး ယနေ့အချိန်ထိ ကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလတွေမှာလည်း ဆက်လက်ထိန်းသိမ်းကာကွယ်သွားမယ်ဆိုတာ အလေးအနက်ထား ပြောကြားလိုတယ်။



**ရဲဘော်တို့**

တို့နိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့ပြီးတဲ့နောက် ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပေမယ့်လည်း နိုင်ငံရေးပြဿနာတွေ၊ ပြည်ပက သွေးထိုးလှုံ့ဆော်မှုတွေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်တွေ၊ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ပါတီတွင်းသဘောထားကွဲလွဲမှုတွေကြောင့် တိုင်းပြည်စည်းလုံးညီညွတ်မှု ပျက်ပြားလာလို့ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိကာလတွေမှာ တော်လှန်ရေးကောင်စီနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နိုင်ငံတော်တည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ကြတယ်။ ဒါပေမယ့် ပြည်တွင်းပြည်ပက နည်းမျိုးစုံနဲ့ နှောင့်ယှက်ပိတ်ဆို့မှု၊ သဘာဝဘေးအန္တရာယ်တွေနဲ့ စီမံခန့်ခွဲရေး အားနည်းချက်၊ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံရဲ့စီးပွားရေးကျဆင်းခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ အရေးအခင်းများဖြစ်ပေါ်လာခဲ့တယ်။ အဲဒီအချိန်မှာ နိုင်ငံရဲ့အခြေအနေ ယိမ်းယိုင်လာခဲ့ပြီး အချုပ်အခြာအာဏာပြိုကွဲမယ့် အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့လာရတာကြောင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလမှာ တို့တပ်မတော်က နိုင်ငံတော် တာဝန်ကို ဝင်ရောက်ထိန်းသိမ်းတာဝန်ယူခဲ့ရတယ်။ တို့တပ်မတော်က အဲဒီလို နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းခဲ့ရတဲ့နောက်ပိုင်းမှာ ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့သလို ဒီမိုကရေစီစနစ် ကျင့်သုံးဖော်ဆောင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုရေးဆွဲကာ ၂၀၀၈ ခုနှစ်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းပေးခဲ့တယ်။ အဲဒီနောက် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ဒီမိုကရေစီစနစ်ကို ညင်သာငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

**ရဲဘော်တို့**

နိုင်ငံတိုင်းရဲ့ တပ်မတော်တွေဟာ ဖွဲ့စည်းပုံတွေ၊ အင်အားတွေ၊ ရည်မှန်းချက်တွေ မတူညီကြပေမယ့် နိုင်ငံတော်ကာကွယ်ရေးအတွက်ဆိုတဲ့ ရည်ရွယ်ချက်ကတော့ အတူတူပဲဖြစ်ကြတယ်။ အဲဒီလိုပဲ နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာဟာလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ တူညီချင်မှတူညီနိုင်ပေမယ့် မိမိတို့နိုင်ငံရဲ့ ရေရှည် အကျိုးစီးပွားအတွက်သာ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဦးတည် ပြဋ္ဌာန်းကြတာပဲဖြစ်တယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပေါ်ပေါက်လာပုံ၊ သမိုင်းကြောင်းနောက်ခံအနေအထား၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ အခြားအခြေခံအချက်အလက်တွေအပေါ် မူတည်ပြီး ရေးဆွဲပြဋ္ဌာန်းလေ့ရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဘယ်နိုင်ငံက မှန်ပြီး ဘယ်နိုင်ငံက မှားတယ်လို့ ဆိုလို့မရဘဲ မိမိတို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားအတွက်သာ ပဓာနပဲဖြစ်တယ်။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ တပ်မတော်ရဲ့ အခန်းကဏ္ဍများကို ထည့်သွင်းဖော်ပြထားခြင်းဟာ အတိတ်သမိုင်းစဉ်မှာ ကြုံတွေ့ခဲ့ရတဲ့ အားနည်းချက်တွေကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးအတွက် ပြဋ္ဌာန်းထားရခြင်းပဲဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တပ်မတော်ရဲ့ အခန်းကဏ္ဍမှာပါတဲ့ ပြဋ္ဌာန်းချက်အပိုဒ်တွေဟာ တပ်မတော်အတွက်ပြဋ္ဌာန်းထားတာမဟုတ်ဘဲ နိုင်ငံတော်အကျိုးကို မျှော်ကိုးပြီး ထည့်သွင်းပြဋ္ဌာန်းထားခြင်းသာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ်မှာပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲရဲ့ မဲစာရင်းတွေကို စိစစ်တဲ့အခါ ကမ္ဘာမှာလွန်စွာကြီးမားတဲ့ မဲမသမာမှုပြုလုပ်ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စည်းကမ်းမဲ့စွာ ဆောင်ရွက်ခဲ့တာ စိစစ်တွေ့ရှိရတဲ့အတွက် နိုင်ငံအနေနဲ့ အမည်းစက်တစ်ခုဖြစ်ပေါ်ခဲ့တာ ရဲဘော်တို့အသိပဲဖြစ်တယ်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့တဲ့ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်း ၃၈ ဒသမ ၂၇ သန်းမှာ ခိုင်လုံမှု မရှိဘဲ မဲစာရင်းပါဝင်မှု ၁၁ ဒသမ ၃ သန်း စိစစ်တွေ့ရတဲ့အတွက် ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း မဲမသမာမှုလုပ်ထားတာ စိစစ်တွေ့ရတယ်။ အထွေထွေရွေးကောက်ပွဲဆိုတာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သလို နိုင်ငံရဲ့အနာဂတ်ကို ဖော်ဆောင်မယ့် ခေါင်းဆောင်တွေကို ရွေးချယ်ခြင်းလည်းဖြစ်တယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီစနစ်အပေါ်မှာ ပြည်သူတွေ ယုံကြည်မှုရှိဖို့နဲ့ ကောင်းမွန်တဲ့ နိုင်ငံရေးသမိုင်းကိုပုံဖော်နိုင်ဖို့ အရေးကြီးတယ်။ ဒါကြောင့် နိုင်ငံတော်အာဏာကို မသမာတဲ့နည်းလမ်းနဲ့ ရယူဖို့ကြိုးစားတဲ့ NLD အစိုးရရဲ့ ဥပဒေမဲ့လုပ်ရပ်များကို ကာကွယ်တားဆီးနိုင်ဖို့အတွက် တပ်မတော်အနေနဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်အာဏာကို ခေတ္တရယူထိန်းသိမ်းခဲ့တာပဲဖြစ်တယ်။

**ရဲဘော်တို့**

တို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်သမိုင်းဟာ လွတ်လပ်ရေး မရမီကတည်းက **“ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်”** ဆိုသလို ရှုပ်ထွေးမှုတွေရှိနေခဲ့တယ်။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလတွေမှာလည်း အယူဝါဒအမျိုးမျိုး၊ သဘောထားအမျိုးမျိုးကြောင့် ခိုင်မာတဲ့နိုင်ငံရေးစနစ်ကို တစ်သမတ်တည်း ချမှတ်ဖော်ဆောင်နိုင်ခြင်းမရှိဘဲ စနစ်အမျိုးမျိုးကို ပြောင်းလဲ ကျင့်သုံးခဲ့ရတယ်။ နိုင်ငံရေးစနစ် တည်ငြိမ်မှုမရှိခြင်းနဲ့ ပြည်တွင်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေကြောင့် ဖွံ့ဖြိုးမှုအပိုင်းမှာ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အတော်လေး နောက်ကျကျန်ခဲ့တာကို တွေ့ရတယ်။ ဒါကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ လက်ရှိလျှောက်လှမ်းနေတဲ့ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေးနဲ့ ဖွံ့ဖြိုးမှုရှိစေရေးအတွက် **“စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး”**ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နဲ့ **“တိုင်းပြည် သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး”** ဆိုတဲ့ အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။ တစ်နည်းအားဖြင့်ပြောရရင် အဲဒီရည်မှန်းချက်တွေဟာ စဉ်ဆက်မပြတ်ဆောင်ရွက်ရမယ့် နိုင်ငံတော်ရဲ့ မျှော်မှန်းချက်တွေပဲ ဖြစ်တယ်။ ဒီမျှော်မှန်းချက်တွေ ပြည့်ဝဖို့အတွက် နိုင်ငံတော်ရဲ့ ပကတိအခြေအနေတွေနဲ့ကိုက်ညီတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ကို ချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာ တို့တပ်မတော်သားတွေအနေနဲ့လည်း ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်တွေကို သိရှိနားလည်ပြီး ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေအတိုင်း ဆောင်ရွက်ပြီးစီးပါက အမျိုးသား ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီထံသို့ နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမှာဖြစ်တယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီး ထွက်ပေါ်လာတဲ့ အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်တယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ အထောက်အကူဖြစ်စေဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အထွေထွေရွေးကောက်ပွဲကျင်းပချိန်မှာ မဲစာရင်းတွေ ပြည့်စုံမှန်ကန်မှုရှိဖို့ လုပ်ဆောင်နေသလို ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများနဲ့ လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များ လွှတ်တော်ထဲကို ရောက်ရှိလာစေရေးအတွက် လက်ရှိကျင့်သုံးနေတဲ့ အနိုင်ရသူအကုန်ယူစနစ် (First Past the Post–FPTP)အပြင် မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်နဲ့ သင့်တော်တဲ့ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation–PR)ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် နိုင်ငံသားတစ်ဦးချင်းစီအနေနဲ့လည်း ခြိမ်းခြောက်မှု၊

**စာမျက်နှာ ၄ သို့** ❐

> ❖ **တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ဖို့ လုပ်ဆောင်ရာမှာ ပြည်သူ့စစ်အဖွဲ့တွေ၊ ဒေသခံကာကွယ်ရေးအဖွဲ့တွေ ဖွဲ့စည်းခြင်းထက် ဥပဒေနဲ့ပိုမိုညီညွတ်ပြီး စည်းစနစ်ကျတဲ့ ပြည်သူ့စစ်မှုထမ်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာပဲဖြစ်**
>
> ❖ **တို့နိုင်ငံရဲ့ ပထဝီနိုင်ငံရေးအနေအထားနဲ့ လက်ရှိကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေအရ ဒီဥပဒေပြဋ္ဌာန်းချက်ကို မဖြစ်မနေဆောင်ရွက်သွားရမှာဖြစ်လို့ ယခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီးဖြစ်**
>
> ❖ **ဒီလိုလုပ်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ တို့နိုင်ငံရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်**

❒ စာမျက်နှာ ၃ မှ

အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုနဲ့ အနိုင်ကျင့်လွှမ်းမိုးမှု စတဲ့ မတရားမှုတွေ ကင်းဝေးစေပြီး လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် လုံခြုံရေးကိစ္စရပ်များကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ဖို့ ဆောင်ရွက်နေချိန်မှာ EAO အချို့နဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေက ရွေးကောက်ပွဲပျက်ပြားစေဖို့နဲ့ နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်စေဖို့ လုပ်ဆောင်လျက်ရှိတယ်။ ဒါကြောင့် တို့တပ်မတော်အနေနဲ့ ပြည်သူလူထုရဲ့ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်လာစေရေး ဦးဆောင်အကောင်အထည်ဖော်ပေးခဲ့သလို ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာ ဖြစ်စေရေးနဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ဆောင်ရွက်သွားရမှာ ဖြစ်တယ်။

**ရဲဘော်တို့**

တို့တပ်မတော်ဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ရဲ့ တာဝန်ကို ထိန်းသိမ်းခဲ့ခြင်းဖြစ်ပေမယ့်လည်း ဒီလို ထိန်းသိမ်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး နိုင်ငံရေး အသုံးချမှုများစွာနဲ့ ကြုံတွေ့ခဲ့ရတယ်။ အဲဒီအချိန်က ရွေးချယ်ခံကိုယ်စားလှယ်တွေကို လက်ရှိနိုင်ငံရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းနိုင်စေဖို့အတွက် နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့တယ်။ ဒါပေမဲ့ ရွေးကောက်ခံကိုယ်စားလှယ်များအဖြစ် ရပ်တည်ခွင့်မရှိတော့တဲ့သူတွေက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ “ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)” အမည်နဲ့ တရားမဝင်ကော်မတီကို ဖွဲ့စည်းခဲ့တဲ့အပြင် အဲဒီနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှာ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government –NUG) အမည်နဲ့ တရားမဝင်အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြတယ်။ အဲဒီနောက်မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (People Defence Force–PDF)ကို ဖွဲ့စည်းပြီး ၎င်းတို့ကို ထောက်ခံအားပေးသူတွေကို လက်နက်ကိုင်ဆူပူအုံကြွမှုများ လုပ်ဆောင်ဖို့ တွန်းအားပေးဆောင်ရွက်လာခဲ့ကြတယ်။ လွှတ်တော်အသီးသီးရဲ့ ကိုယ်စားလှယ်တွေဟာ ဥပဒေပြုရေးကို အလေးထားဆောင်ရွက်ရတာဖြစ်လို့ တရားဥပဒေလေးစားလိုက်နာရေး၊ သိရှိနားလည်ရေးမှာ သူများထက် ပိုလိုအပ်တယ်။ သူတို့အနေနဲ့ တရားဥပဒေနဲ့အညီ ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်ဖို့မလုပ်ဘဲ အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခြင်းဟာ သူတို့ရဲ့ ဒီမိုကရေစီအပေါ်မှာ ဘယ်လိုလုပ် ယုံကြည်မှုရှိရမလဲဆိုတာ စဉ်းစားဖို့လိုတယ်။ အဲဒီအချိန်ကစပြီး မြန်မာနိုင်ငံအနှံ့အပြားမှာ မိုင်းထောင်ဖောက်ခွဲမှု၊ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးမှု၊ ပစ္စည်း လုယက်မှု၊ အတင်းအကျပ် ဆက်ကြေးတောင်းခံမှု၊ လုံခြုံရေးစခန်းတွေကို တိုက်ခိုက်မှုတွေသာမကဘဲ ၎င်းတို့နဲ့ အမြင်မတူသူများကို ဒလန်လို့စွပ်စွဲသတ်ဖြတ်မှု စတဲ့အကြမ်းဖက်လုပ်ရပ်တွေ မကြာခဏ ဖြစ်ပွားလာခဲ့တယ်။ အဆိုးရွားဆုံးကတော့ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ အရပ်ဘက်ဝန်ထမ်းများ၊ အထူးသဖြင့် ဆရာ ဆရာမများနဲ့ ပညာရေးဆိုင်ရာဝန်ထမ်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခြင်း၊ လူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းတွေ လုပ်ဆောင်နေတာပဲဖြစ်တယ်။ သူတို့ရဲ့အဓိကရည်ရွယ်ချက်ကတော့ လူငယ်/ လူရွယ်တွေကို ပညာရေးနိမ့်ကျပြီး အမှား၊ အမှန်မခွဲခြားနိုင်ဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ် နောက်ကို လိုက်ပါလုပ်ဆောင်လာစေဖို့ပဲဖြစ်တယ်။ ဒါကြောင့် တို့နိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့် နိုင်ငံ၊ မည်သည့် လူ့အဖွဲ့အစည်းကမှ လက်ခံနိုင်စရာမရှိတဲ့ ဒီအကြမ်းဖက်လုပ်ရပ်တွေကို အချိန်မီ ကာကွယ်တားဆီးရမှာဖြစ်ပြီး အဲဒီလို လုပ်ဆောင်တဲ့နေရာမှာ တပ်မတော်အနေနဲ့ ပြည်သူနဲ့အတူ လက်တွဲပြီး ပါဝင်ဆောင်ရွက်ရမှာပဲဖြစ်တယ်။ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့လည်း CRPH၊ NUG၊ PDF နဲ့ NLD အစွန်းရောက်များရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အားပေးထောက်ခံမှု မပြုလုပ်သင့်သလို ပညာရေးကဏ္ဍကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုများအား ဆန့်ကျင်ရှုတ်ချဖို့လိုအပ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့နဲ့ အကြမ်းဖက်အဖွဲ့အစည်းများဟာ လက်နက်ဖြင့် အကြောက်တရားကိုဖန်တီးပြီး လူသစ်စုဆောင်းမှုတွေကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိတဲ့အပြင် လူမျိုးရေးမုန်းတီးမှုကို ရှေ့တန်းတင်လှုံ့ဆော်လျက်ရှိတာကိုလည်း တွေ့ရတယ်။ လူမျိုးစုများစွာရှိတဲ့ တို့နိုင်ငံမှာ လူမျိုးကိုအခြေခံပြီး လက်နက်ကိုင်အဖွဲ့များ ဖွဲ့စည်းခြင်းနဲ့ လက်နက်ကိုင်လှုပ်ရှားမှုများ လုပ်ဆောင်ခြင်းတွေဟာ ငြိမ်းချမ်းရေးနဲ့အလှမ်းဝေးစေပြီး တိုင်းပြည်စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်စီးစေလျက်ရှိတယ်။ ဒီလိုအခြေအနေမျိုးမှာ လူငယ်အချို့ဟာလည်း ပြည်ဖျက်မီဒီယာအချို့ရဲ့ အပျက်သဘောဆောင်တဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို နားယောင်ပြီး သောင်းကျန်းသူများရဲ့ အသုံးချခံဖြစ်နေတာကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ရလျက်ရှိတယ်။ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်သမားများဟာ သူတို့အင်အားတည်ဆောက်နိုင်ရေးအတွက် ဝေးလံခေါင်ပါးပြီး အသွားလာခက်ခဲတဲ့နေရာမှာအခြေခံပြီး ဘိန်း၊ ဘိန်းဖြူနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများကရရှိတဲ့ ဝင်ငွေ၊ တရားမဝင်လမ်းကြောင်းက နိုင်ငံတော်သယံဇာတများ ခိုးထုတ်ရောင်းချမှုကရတဲ့ဝင်ငွေ၊ တရားမဝင်နည်းပေါင်းစုံသော လောင်းကစားဝိုင်းများကရတဲ့ဝင်ငွေနဲ့ လက်နက်ခဲယမ်းများ ဝယ်ယူတာ၊ ထုတ်လုပ်တာ၊ လူအင်အားစုဆောင်းတိုးချဲ့တာများ ပြုလုပ်ကြတယ်။ အဲဒီကတစ်ဆင့် တိုင်းရင်းသားရေးအကြောင်းအမျိုးမျိုးပြ လက်နက်စွဲကိုင်ပြီး နိုင်ငံတော်ကို ဆန့်ကျင်မှုပြုလုပ်နေတာ သူတို့ရဲ့ ခေတ်အဆက်ဆက် လုပ်ဆောင်ချက်များက သက်သေပြနေတယ်။ အဓိက ကတော့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းနဲ့ သယံဇာတ ခိုးထုတ်တဲ့လုပ်ငန်းကိုအခြေခံပြီး စခဲ့တာဖြစ်တဲ့အတွက် အန္တရာယ်ကြီးတဲ့အဖွဲ့အစည်းလို့ ပြောရမယ်။ ဒါကြောင့် သူတို့ကို ဘယ်သူကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း မပတ်သက်ဖို့လိုကြောင်း ပြောကြားလိုတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နဲ့ ပြည်ပလက်ဝေခံ အဖွဲ့အစည်းအချို့ရဲ့ လုပ်ရပ်တွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတို့ရဲ့ အကျိုးစီးပွား အတွက်မဟုတ်ဘဲ ၎င်းတို့နဲ့ ၎င်းတို့ရဲ့အဖွဲ့အစည်း အကျိုးအတွက်သာ ရှေးရှုလုပ်ဆောင်နေခြင်း၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတစ်ရပ် ဖော်ဆောင်ရေးကို ပျက်စီးအောင်လုပ်နေခြင်း ဖြစ်တယ်ဆိုတာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ နေရာဒေသအချို့မှာ ဖြစ်ပွားနေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေက သက်သေခံလျက်ရှိတယ်။ ဒီမိုကရေစီနဲ့အညီ ဆောင်ရွက်နိုင်တာကို အဓမ္မနည်းနဲ့ ပြုလုပ်တာကြောင့် ဒေသခံများရဲ့ အကျိုးစီးပွား ပျက်စီးတာ၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားခွင့် ဆုံးရှုံးတာပဲ ခံစားရတဲ့အတွက် အင်မတန်မိုက်မဲတဲ့လုပ်ရပ်လို့ ပြောလိုတယ်။ ဒါကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပြည်သူ့စစ်အဖွဲ့တွေအပါအဝင် လုံခြုံရေးတပ်ဖွဲ့တွေ အနေဖြင့် ပြည်သူလူထုနဲ့ အတူလက်တွဲပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရတဲ့ ဒေသများကိုလည်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် တရားဥပဒေနဲ့အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားရမယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စွန့်လွှတ်စွန့်စားသူများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ဂုဏ်ပြုသွားမှာဖြစ်တယ်။

**ရဲဘော်တို့**

တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ဖို့ လုပ်ဆောင်ရာမှာ ပြည်သူ့စစ်အဖွဲ့တွေ၊ ဒေသခံ ကာကွယ်ရေးအဖွဲ့တွေ ဖွဲ့စည်းခြင်းထက် ဥပဒေနဲ့ပိုမိုညီညွတ်ပြီး စည်းစနစ်ကျတဲ့ ပြည်သူ့စစ်မှုထမ်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာပဲဖြစ်တယ်။ တို့နိုင်ငံရဲ့ ပထဝီနိုင်ငံရေးအနေအထားနဲ့ လက်ရှိကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေအရ ဒီဥပဒေပြဋ္ဌာန်းချက်ကို မဖြစ်မနေဆောင်ရွက်သွားရမှာဖြစ်လို့ ယခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီးဖြစ်တယ်။ ဒီလို လုပ်ဆောင်ရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ဟာ တို့နိုင်ငံရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးတဲ့ စစ်မှုထမ်းဟောင်းများအနေနဲ့လည်း တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ အမျိုး ဘာသာ သာသနာကို ကာကွယ်လိုတဲ့ စိတ်ဓာတ်၊ ဒို့တာဝန်အရေးသုံးပါးကို အထိမခံတဲ့ စိတ်ဓာတ်တွေနဲ့ ကျရာအခန်းကဏ္ဍက နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ပြန်လည်ထမ်းဆောင်ပါမယ်ဆိုတဲ့ သတင်းပို့တောင်းဆိုမှုတွေ များပြားလာတာကြောင့် အရန်တပ်ဖွဲ့ဥပဒေကို ယခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ အာဏာတည်စေခဲ့ပြီးဖြစ်တယ်။ အဲဒီအရန်တပ်ဖွဲ့ဥပဒေကို အကောင်အထည်ဖော်ဆောင်ရာမှာလည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမှာမဟုတ်ဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူတာဝန်ပေးအပ်သွားမှာဖြစ်တယ်။ ဒီဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်တာကြောင့် ကာကွယ်ရေးအင်အားကို အထိုက်အလျောက် မြှင့်တက်လာစေမှာဖြစ်ပြီး အဲဒီကမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာတွေကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တို့တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အပေါ်မှာသာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမှာဖြစ်တယ်။ NCA သဘောတူစာချုပ်ဟာ လွယ်လင့်တကူ ဖြစ်ပေါ်လာတဲ့ သဘောတူစာချုပ်မဟုတ်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စတင်ဖိတ်ခေါ်ခဲ့တဲ့နေ့ကစပြီး ဆွေးနွေးညှိနှိုင်းမှု ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ပြီးမှ ရရှိခဲ့တဲ့ သဘောတူစာချုပ်ဖြစ်တယ်။ ရရှိထားတဲ့ သဘောတူညီချက်များကတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့အချက်များကို ဒီမိုကရေစီနည်းလမ်းတကျဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားရမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ NCA စာချုပ်ကြီး ပေါ်ပေါက်လာတာနဲ့ တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကို ထုတ်ပြန်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ အဲဒီငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေကရရှိလာတဲ့ **“အသိတရား”** ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် **“အရှိတရား”**လည်း ဖြစ်တယ်။ တို့နိုင်ငံအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးတည်ဆောက်နေသလို ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဝါဒတွေနဲ့အညီ လိုက်နာကျင့်သုံးလျက်ရှိကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့ဟာ နိုင်ငံငယ်တွေအပေါ်မှာ ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်လာစေရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ကြားဝင်စွက်ဖက်မှုများ ပြုလုပ်လျက်ရှိတယ်။ ဒါဟာ ခေတ်သစ်ကိုလိုနီပြုခြင်းတစ်မျိုး ဖြစ်တယ်ဆိုတာ သတိထားနိုင်ဖို့လိုတယ်။ တို့နိုင်ငံဟာ ပထဝီအနေအထားအရ အရေးပါတဲ့နေရာမှာ တည်ရှိနေတာကြောင့် ခေတ်သစ်ကိုလိုနီဝါဒအရ ၎င်းတို့ရဲ့အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မယ့် အစိုးရနဲ့ အဖွဲ့အစည်းတွေကို ပုံသဏ္ဌာန်မျိုးစုံနဲ့ ထောက်ပံ့ကူညီမှုတွေ ပြုလုပ်လျက်ရှိတာ ပကတိဖြစ်ရပ်များက ပြနေသလို ၎င်းတို့ရဲ့အလိုကို လိုက်လျောခြင်းမရှိဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို ရှေးရှုကာကွယ်နေတဲ့ အဖွဲ့အစည်းတွေကို စည်းလုံးမှုပျက်ပြားပြီး အင်အားချည့်နဲ့အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့ ရဲဘော်တို့အနေနဲ့ အချင်းချင်း စည်းလုံးညီညွတ်နေဖို့လိုအပ်သလို တပ်ဖွဲ့အချင်းချင်းကြားမှာလည်း စည်းလုံးညီညွတ်နေဖို့ လိုအပ်တယ်။ တပ်ရင်း/ တပ်ဖွဲ့အသီးသီးမှာရှိတဲ့ ခေါင်းဆောင်တွေအနေနဲ့

စာမျက်နှာ ၅ သို့ ❒

☆ ရှေ့ဖုံးမှ

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော် (ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြ စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိ နေရာယူကြပြီး စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌နေရာယူကြသည်။

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် သိန်းဇော် ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် စန်းယုနိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၁)၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ တို့ပါဝင်သည့် အနော်ရထာ စစ်ကြောင်း။ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်မြင့်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ **စာမျက်နှာ ၆ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်သည်များအား ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်သည်များအား ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။





(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။

❐ **စာမျက်နှာ ၄ မှ**

ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ လိုအပ်တယ်။ ဒီလိုကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှသာ ပေးအပ်လာမယ့် အမိန့်နှင့် တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာပဲ ဖြစ်တယ်။

**ရဲဘော်တို့**

မျက်မှောက်ကာလမှာ သတင်း၊ နည်းပညာနဲ့ ဆက်သွယ်ရေးကွန်ရက်စနစ်တွေ လျင်မြန်စွာဖွံ့ဖြိုးလာတာနဲ့အတူ လူမှုကွန်ရက်တွေကို တလွဲအသုံးချမှုတွေ များပြားလာလျက်ရှိတယ်။ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနဲ့ အဖွဲ့အစည်းတွေဟာ လူမှုကွန်ရက်ကိုအသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျစေရန်၊ ပြည်သူလူထုယုံကြည်မှု ပျက်ပြားစေရန်နဲ့ အထင်အမြင်လွဲမှားစေရန် ထိုးနှက်တိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိတယ်။ ဒါကြောင့် တို့တပ်မတော်သားများအပါအဝင် နိုင်ငံသားအားလုံးအနေနဲ့ အခြေအမြစ်မရှိတဲ့ ပြောဆိုရေးသားမှုတွေကို အသိသတိတွေနဲ့ယှဉ်ပြီး စဉ်းစားဆင်ခြင်နိုင်ဖို့ လိုအပ်တယ်။ တပ်မတော်နဲ့ပြည်သူအကြားမှာ စည်းလုံးညီညွတ်မှုခိုင်မာမှသာလျှင် တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းတွေကို စွမ်းအားပြည့် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ရဲဘော်တို့အနေနဲ့ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။ တပ်မတော်သားတွေအနေနဲ့ တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာမှာ စစ်သည်တော်ကျင့်ဝတ်နဲ့အညီ နေထိုင်ကျင့်ကြံပြီး တာဝန်ကျရာ နယ်မြေဒေသအသီးသီးမှာ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို စိတ်ရင်းစေတနာမှန်နဲ့ ဆောင်ရွက်ပေးကြရမှာပဲဖြစ်တယ်။

**ရဲဘော်တို့**

ယနေ့ကမ္ဘာပေါ်ရှိ နေရာအနှံ့အပြားမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခများကိုကြည့်ရင် ယခင်က အဏုမြူလက်နက်၊ သမားရိုးကျလက်နက်များနဲ့ခြိမ်းခြောက်တဲ့အခြေအနေကနေ ယခုအခါမှာ နည်းပညာအသုံးပြု စစ်ပွဲသဏ္ဌာန်တွေ၊ အင်အားကြီးသူက အုပ်စုဖွဲ့ပြီး အင်အားနည်းသူအပေါ်မှာ အနိုင်ကျင့်လာကြတာတွေ၊ အင်အားနည်းတဲ့နိုင်ငံတွေကို ကြားခံထားပြီး အဲဒီနိုင်ငံတွေရဲ့ အိမ်နီးချင်း အင်အားကြီးနိုင်ငံတွေကို နည်းမျိုးစုံနဲ့ ထိန်းချုပ်ဖို့ ကြိုးစားတာတွေ တွေ့ရမယ်။ ဒါကြောင့် နည်းပညာအခြေပြုခေတ်မီတပ်မတော်ဖြစ်ရေးကို **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ**ဆိုတဲ့ဆောင်ပုဒ်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ ဒီမိုကရေစီအမည်ခံ ပြည်တွင်းအဖျက်သမားတွေနဲ့ ပြည်ပလက်ဝေခံ အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ဖျက်ချေမှုန်းရင်း (၇၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်တွေဖြစ်တဲ့-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား ပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။
- နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ဆိုတဲ့ ဦးတည်ချက်များနဲ့အညီ ဆက်လက်ဆောင်ရွက်သွားကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်တယ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်အလေးပြုစဉ်။

☆ စာမျက်နှာ ၅ မှ

သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဧရာဝတီတိုင်းဒေသ... 






(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြ စစ်ကြောင်းကြီးများ ချီတက်လာစဉ်။

☆ **စာမျက်နှာ ၆ မှ**

အဆိုပါ (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominနှင့် အဖွဲ့ဝင်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစား သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေ အသင်းကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း ဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့ အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတ အစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထူး ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။



စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ လေယာဉ်များ သရုပ်ပြပျံသန်းကြစဉ်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထို့နောက်



(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

**သံပြိုင်ရွတ်ဆို**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် သိန်းဇော် ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX – 1 A လေယာဉ် တစ်စင်းနှင့် PT–6 လေယာဉ် နှစ်စင်းတို့က (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် 79 Logo Formation ပုံစံအား မီးအလှများတပ်ဆင်၍ လည်းကောင်း၊ H–125 ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့်လည်းကောင်း၊ Bell–206 ရဟတ်ယာဉ်နှစ်စင်းက Trail Formation ပုံစံဖြင့်လည်းကောင်း၊ Eurocopter နှစ်စင်းက Trail Formation ပုံစံဖြင့်လည်းကောင်း၊ H–125 ရဟတ်ယာဉ် နှစ်စင်းက Echelon Formation ပုံစံဖြင့် လည်းကောင်း၊ Bell–206 ရဟတ်ယာဉ်နှစ်စင်းက Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Eurocopter နှစ်စင်းက Echelon Formation ပုံစံ ဖြင့်လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ် တစ်စင်းက ရှုရပ်၏ အရှေ့ဘက် ၄၅ ဒီဂရီမြင်ကွင်းမှ ၂၉၅ ဒီဂရီ လမ်းကြောင်းအတိုင်း ပျံသန်း၍ လည်းကောင်း၊ BEECH 1900D အမျိုးအစား **စာမျက်နှာ ၈ သို့** ☆




စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ရုပ်ရှင်ဂီတ အနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများက ဂုဏ်ပြုပန်းကုံးများစွပ်၍ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

☆ စာမျက်နှာ ၇ မှ

သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ၂၅ ဒီဂရီလမ်းကြောင်းအတိုင်း ပျံသန်း၍လည်းကောင်း။

Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ် နှစ်စင်းက Echelon Formation ပုံစံဖြင့် နှစ်ကြိမ်ပျံသန်း၍လည်းကောင်း၊ MiG-29 ဘက်စုံသုံး တိုက်လေယာဉ်တစ်စင်းက ရှုရပ်ရှေ့တည့်တည့်မှ မီးကျည်များထုတ်လွှတ်၍ လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ ကျင်းပသောနေပြည်တော် စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာ စိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကို လည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တံဆိပ်ကြီးကို လည်းကောင်း ဝင့်ထည်စွာတွေ့



(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။



အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးမြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေး တပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွှင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး ယခုနှစ်တွင် အခြားနှစ်များနှင့် မတူဘဲ စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များအသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များအတိုင်း ပြောင်းလဲအလှဆင်၍လည်းကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့် လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြန်လည်ထွက်ခွာမည့် လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Strip Light များဖြင့် အသီးသီးပုံဖော်အလှဆင်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကြူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းရှေ့ရှိ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



## သရုပ်ပြ ပျံသန်း

စစ်ရေးပြ စစ်ကြောင်းကြီးများ ချီတက်အလေးပြုချိန်တွင် တပ်မတော် (လေ)မှ လေယာဉ်များ သရုပ်ပြပျံသန်းကြစဉ်။





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြု

နေပြည်တော် မတ် ၂၇

ယနေ့ကျရောက်သည့် (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချ အလေးပြုခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုပန်းခြင်းချ အလေးပြုသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ဖွဲ့ဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်၊ အငြိမ်းစား တပ်မတော် အရာရှိကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းစစ်သည်များအား ဂုဏ်ပြုပန်းခြင်းချအလေးပြုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းဗိမာန် (နေပြည်တော်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

### ဂုဏ်ပြုပန်းခြင်းချအလေးပြု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန် အတွင်းနှင့်ရင်ပြင်တွင် နေရာယူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းချပြီး တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများနှင့်အတူ သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန်(နေပြည်တော်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး သူရဲကောင်းဗိမာန်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့စဉ်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

**နေပြည်တော် မတ် ၂၇**

ယနေ့ ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား တပ်မတော် အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

**ကန်တော့ခံတက်ရောက်**

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစား တပ်မတော် အရာရှိကြီး ၁၆ ဦးနှင့် ဇနီး ၁၀ ဦးတို့ ကန်တော့ခံ တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာတွင် တပ်မတော်၏ အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် တပ်မတော်၏တာဝန်များကို အစဉ်အဆက် ဆက်ခံခဲ့ကြသူများဖြစ်ပြီး ယခုအခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများသည် မိမိတို့၏ မိဘဆရာများပင်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် နိုင်ငံတော် ပြိုကွဲမည့်အန္တရာယ်များမှ ထိန်းသိမ်းကာကွယ်ခဲ့ရပါကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပါကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းရင်းသားရေးနှင့် နိုင်ငံရေးကိုအကြောင်းပြ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ **စာမျက်နှာ ၁၁ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ရှိသေစွာ ဂါရဝပြုပေးအပ်စဉ်။

❖ စာမျက်နှာ ၁၀ မှ

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အရန်တပ်ဖွဲ့ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထာဝရတည်ငြိမ်အေးချမ်းသည့် ပြည်ထောင်စုကြီးဖြစ်စေရေး တပ်မတော်အနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများအနေဖြင့် ယခုကဲ့သို့ တပ်မတော်နေ့များသို့ နှစ်စဉ်တက်ရောက် ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့အထက်အောက်ရှိသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာဂါရဝပြု ကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ အစဉ်အလာကောင်းတစ်ခုပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြု ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗိုလ်မှူးကြီး ညွန့်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့က ယခုကဲ့သို့ နှစ်စဉ်နှစ်တိုင်း တပ်မတော်နေ့ရောက်သည့်အချိန်တိုင်းတွင် မိမိတို့ကဲ့သို့ တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများအား ဂါရဝပြုကန်တော့ခြင်းသည် တပ်မတော်၏ ကောင်းမြတ်သည့် ဂုဏ်ယူဖွယ်အစဉ်အလာကောင်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး အမှူးပြုသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့်အခြားသြဝါဒစကားများကို ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြု လက်ဆောင် ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာ ဂါရဝပြု ပေးအပ်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အငြိမ်းစားတပ်မတော်အရာရှိကြီးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ရိုသေစွာ ဂါရဝပြုပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ဇနီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**



## ဂါရဝပြုတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံစဉ်။

★ ကျောဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများကို အတူတကွ သုံးဆောင်ကြသည်။

### နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိ

ယခု ၂၀၂၄ ခုနှစ်တွင် ကျရောက်သော (၇၉) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် လွတ်လပ်ရေး မော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေး မော်ကွန်းဝင် တတိယအဆင့် ဦးမောင်မောင်သည် အသက် ၁၀၁ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးကျော်စိန်သည် အသက် ၁၀၀ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် တတိယအဆင့်ဦးအေးသိန်းသည် အသက် ၉၆ နှစ်နှင့် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးဘချောသည် ၉၆ နှစ်တို့ဖြစ်ကြပြီး ကျန်းမာသန်စွမ်းလျက်ရှိကြောင်းနှင့် ဂျပန်တော်လှန်ရေးဆောင်ရွက်ခဲ့မှုများကို ပြန်လည်ပြောပြရင်း ငယ်မူငယ်သွေးအပြည့်ဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်တစ်ဦးအားအားဖြည့် ၄က်သိုက်များနှင့် ဂါရဝပြု ချီးမြှင့်ငွေများ ဂါရဝပြုပေးအပ်စဉ်။



❍ ယူရိုမှ

ပိုလန်အသင်းဟာ ဝေးလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူရာမှာ ပိုလန်အသင်းက ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ယူကရိန်းအသင်းနဲ့ အိုက်စလန်အသင်းတို့ ပွဲစဉ်မှာတော့ ယူကရိန်းအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ဂျော်ဂျီယာအသင်းနဲ့ ဂရိအသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ ဂျော်ဂျီယာအသင်းက လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ပိုလန်အသင်း၊ ယူကရိန်းအသင်းနဲ့ ဂျော်ဂျီယာအသင်းတို့ဟာ ယူရို ၂၀၂၄ ပြိုင်ပွဲရဲ့ လက်ကျန်သုံးနေရာအတွက် ခြေစစ်ပွဲအသီးသီးအောင်မြင်ခဲ့ပြီးနောက် အုပ်စုအဆင့်ပွဲစဉ်တွေ ထွက်ပေါ်လာခဲ့ရာ အုပ်စု(A)တွင် ဂျာမနီအသင်း၊ စကော့တလန်အသင်း၊ ဟန်ဂေရီအသင်း၊ ဆွစ်ဇာလန်အသင်း၊ အုပ်စု(B)တွင် စပိန်အသင်း၊ ခရိုအေးရှားအသင်း၊ အီတလီအသင်း၊ အယ်လ်ဘေးနီးယားအသင်း၊ အုပ်စု(C)တွင် ဆလိုဗေးနီးယားအသင်း၊ ဒိန်းမတ်အသင်း၊ ဆားဘီးယားအသင်း၊ အင်္ဂလန်အသင်း၊ အုပ်စု(D)တွင် ပိုလန်အသင်း၊ နယ်သာလန်အသင်း၊ သြစတြီးယားအသင်း၊ ပြင်သစ်အသင်း၊ အုပ်စု(E)တွင် ဘယ်လ်ဂျီယံအသင်း၊ ဆလိုဗက်ကီးယားအသင်း၊ ရိုမေးနီးယားအသင်း၊ ယူကရိန်းအသင်း၊ အုပ်စု(F)တွင် တူကီယဲအသင်း၊ ဂျော်ဂျီယာအသင်း၊ ပေါ်တူဂီအသင်း၊ ချက်အသင်းတို့ အသီးသီးတစ်အုပ်စုတည်းကျရောက်နေတာဖြစ်ပါတယ်။ ယူရို ၂၀၂၄ ပြိုင်ပွဲကို ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။

**ငွေကြယ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသောစစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆုရရှိသောစစ်ရေးပြတပ်ခွဲအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မတ် ၂၇

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ စုရပ် သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် သိန်းဇော်ဦးဆောင်သည့် စစ်ရေးပြ စစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ဂုဏ်ပြုဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ လေအိတ်ပလွေတီးဝိုင်းအဖွဲ့၊ အောင်ဇေယျစစ်ကြောင်း (အမျိုးသမီး)အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့ကို လည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသည့် အနော်ရထာစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့ အကောင်းဆုံးဆု ရရှိသည့် ဘုရင့်နောင်စစ်ကြောင်း အလံအဖွဲ့၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး)တပ်ခွဲ၊ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့် ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ (၃)၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ စစ်ရေးပြ အကောင်းဆုံး တတိယဆုရရှိ သည့် ဆေးဝန်ထမ်းညွှန်ကြားရေး မှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ တို့အားလည်းကောင်း ဂုဏ်ပြု ဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာ နိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား)တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)(အမျိုးသမီး) တပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြ တပ်ခွဲ၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေး မှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စစ်စည်း ကမ်းအကောင်းဆုံး ဒုတိယဆုရရှိ သည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြ အကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ် ရေးအရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ ပထမ ဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား)တပ်ခွဲ ပထမဆုရရှိ သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြ တပ်ခွဲ(၄)၊ တပ်မတော်(ကြည်း၊ရေ၊ လေ)(အမျိုးသမီး)တပ်ခွဲ ပထမဆု ရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံး စခန်း ပထမဆုရရှိသည့် ဆက်သွယ် ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စား ပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြု တပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသည့် လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆု ရရှိသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ကို ဂုဏ်ပြုဒိုင်း ဆုများနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေး မှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ပျံသန်း အဖွဲ့ ဂုဏ်ပြုဆုရရှိသည့် ကာကွယ် ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ ပျံသန်းအဖွဲ့၊ စံပြတပ်ခွဲ တတိယ ဆုရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စံပြတပ်ခွဲ ပထမဆုရရှိသည့် အမြောက်တပ် ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲများအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေး မှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဂုဏ်ပြုအမှာ စကား ပြောကြားပြီး ဆုချီးမြှင့်ပွဲ ကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအခမ်းအနားများသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက် ဂုဏ်ပြုပန်းခြင်းချအလေးပြု



နေပြည်တော် မတ် ၂၇

ယနေ့တွင်ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအခမ်းအနားများသို့ တက်ရောက်ရန်ရောက်ရှိနေသည့် မြန်မာနိုင်ငံ အခြေစိုက် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်၍ ဂုဏ်ပြုပန်းခြင်းချပြီး သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။

ဦးစွာ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားစစ်သံရုံး များမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများသည် သူရဲကောင်းဗိမာန်အတွင်း နေရာယူကြပြီး သူရဲကောင်း စစ်သည်များအား ဂုဏ်ပြုပန်းခြင်းချကာ အလေးပြု ကြသည်။ ထို့နောက် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြား စစ်သံမှူးများကိုယ်စား အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံစစ်သံမှူးက ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် စစ်သံမှူးများနှင့် အဖွဲ့ဝင်များသည် သူရဲကောင်းဗိမာန်(နေပြည်တော်)၌ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဗိမာန် အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် အဓိကစိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေး စာတမ်းဖတ်ပွဲတက်ရောက်



မုံရွာ မတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဒေသကြီး မြေ၊ မျိုး၊ ပိုးရုံး စိုက်ပျိုးရေးဦးစီးဌာန၌ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးပြီး မုံရွာနှင့် ယင်းမာပင်ခရိုင် အတွင်းရှိ မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးမှူးများထံ လက်ဆွဲမျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်ကာ တောင်သူနည်းပညာပေး စိုက်ခင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အဓိကစိုက်ပျိုးသီးနှံများ ပန်းတိုင် အထွက်နှုန်းတိုးတက်ရေး စာတမ်းဖတ်ပွဲကို သင်တန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦး၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးသောင်းထိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီလင်းထွဋ်တို့က ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီး/ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက ဆီထွက်သီးနှံ၊ ပဲမျိုးစုံ ပန်းတိုင်အထွက်နှုန်းရရှိရေး အခြေခံလိုအပ်ချက်များနှင့် တောင်သူနည်းပညာ ပေးမှုမြှင့်တင်ရေး မီဒီယာ၏အခန်းကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက် လာသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။




Colonel General Alexander Fomin



Lama Bair TSYMPILOV



Mr.Pavel GUSEV

နေပြည်တော်　　မတ်　　၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက်ပိုင်းတွင် သီးခြားစီ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြား စစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည့် ဗီဒီယိုမှတ်တမ်းများကို ဘုရားဖူးအဖွဲ့လိုက် သီးခြားစီ ရှင်းလင်းပြသကြသည်။

ထို့နောက် ဘုရားဖူးအဖွဲ့များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုခမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာ ကြည်ညိုကြသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါတယ်----

**Colonel General Alexander Fomin**

**ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး**

ကျွန်တော်မြန်မာနိုင်ငံကို အရမ်းချစ်တဲ့အကြောင်း ပြောချင်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်ပြီး လုပ်ကိုင်နေတာ ၂၀၁၅ ခုနှစ် ကတည်းကဖြစ်ပြီး မြန်မာနိုင်ငံမှာမိတ်ဆွေညီကိုတွေများစွာရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်အကြီးအကဲအပါအဝင် တပ်မတော်ဘက်၊ အရပ်ဘက်အကြီးအကဲတွေနဲ့လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အခုလက်ရှိရောက်ရှိနေတဲ့ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ရဲ့ စီမံကိန်းဟာဆိုရင် အလွန်ကိုကြီးမားတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ အခုလိုမျိုး ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်နိုင်တာဟာ အလွန်ကို အောင်မြင်မှုတစ်ခုဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားကို ကိုယ်စားပြုတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို တည်ထားကိုးကွယ်နိုင်တယ်ဆိုတာမျိုးက တကယ်ကို သာသနာပြုမြင်းကောင်းမင်းမြတ်တွေမှ ဆောင်ရွက်နိုင်တဲ့ ကုသိုလ်ကောင်းမှု တစ်ခုဖြစ်ပါတယ်။ ပြည်သူလူထုကလည်း ဗုဒ္ဓဘာသာကိုယုံကြည်ကြသလို အလွန်ကိုကြိုးစားကြတဲ့ပြည်သူတွေဖြစ်လို့ ဒီလိုမျိုးအောင်မြင်စွာ ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းနိုင်တာကိုလည်း တကယ့်ကို တွေ့မြင်သဘောကျနှစ်ခြိုက်မိပါတယ်။ အခုလိုမျိုး မာရဝိဇယ ဘုရားကြီး အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တာဟာ မြန်မာနိုင်ငံသူ နိုင်ငံသားတို့ရဲ့ အောင်ပွဲတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံးက ဗုဒ္ဓဘာသာဝင် အားလုံးရဲ့ အောင်ပွဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာဆိုရင်လည်း သမိုင်းကြောင်း အစဉ်အလာခိုင်မာတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ အခုလိုမျိုး သမိုင်းသစ်မှတ်ကျောက်တင်တဲ့ မာရဝိဇယ ဘုရားကြီးလိုစီမံကိန်းတွေ တည်ဆောက်တဲ့နေရာမှာ ပါဝင်ခဲ့ကြတဲ့ ပညာရှင်တွေအနေနဲ့လည်း ရုရှားနိုင်ငံက အဆင့်မြင့်ပညာတက္ကသိုလ်ကျောင်းဆင်းတွေဖြစ်တယ်ဆိုတာ သိရပါတယ်။ ကျွန်တော်တို့ရဲ့အဆင့်မြင့်ပညာတက္ကသိုလ်ကျောင်းဆင်း အရာရှိတွေက ကမ္ဘာ့အမွေအနှစ်တစ်ခုကို တည်ဆောက်ပေးနိုင်ခဲ့တယ်ဆိုတာ သိရတဲ့အတွက် အလွန်ကိုဂုဏ်ယူပါတယ်။

**Lama Bair TSYMPILOV**

**မော်စကိုဗုဒ္ဓဘာသာအသင်းတော် ဥက္ကဋ္ဌဆရာတော်**

အခုလိုမျိုးဒီနေ့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံက လာရောက်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို မာရဝိဇယဘုရားကြီးကို ဖူးမြော်ခွင့်ရအောင် စီစဉ်ပေးတဲ့အတွက်ဘုန်းဘုန်းအနေနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။ အခုလိုမျိုး ကြီးကျယ်ခမ်းနားလှတဲ့ ဗုဒ္ဓဥယျာဉ်တော်ကြီးကို လာရောက်ဖူးမြော်ရတဲ့အချိန်မှာ အလွန်ကိုဝမ်းသာပီတိ ဖြစ်မိပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံက ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူတွေအားလုံးရဲ့ ကိုယ်စားလည်း ဒီလိုမျိုး လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ကြောင်းပြောလိုပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာဆိုရင် ကမ္ဘာမှာ အကြီးမားဆုံးသော ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်တယ်ဆိုတာ သိရှိရပါတယ်။ ထို့ပြင် ဥယျာဉ်တော်ကြီးရဲ့ ကြီးမားခမ်းနားမှုဟာဆိုရင် သံလိုက်တစ်ခုပမာ ကမ္ဘာပေါ်မှာဗုဒ္ဓဘာသာကိုကိုးကွယ်ကြတဲ့ လူတွေအားလုံးကို ဆွဲငင်နေတာလည်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကိုကိုးကွယ်ကြတဲ့သူတွေအနေနဲ့ ဘုရားကြီးကိုလာရောက်ဖူးမြော်ရင်း တရားဓမ္မတွေ အားထုတ်နိုင်မှာဖြစ်ပါတယ်။ အခုလိုဗုဒ္ဓရုပ်ပွားတော်ကြီးကို အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်တဲ့ နိုင်ငံသူ နိုင်ငံသားအားလုံးကို ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ဘုန်းဘုန်းအနေနဲ့ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး သာယာပျော်ရွှင် ချမ်းမြေ့ပါစေကြောင်း ဘုန်းဘုန်းအနေနဲ့ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**Mr.Pavel GUSEV**

**ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးကောင်စီဥက္ကဋ္ဌ**

ကမ္ဘာပေါ်မှာနိုင်ငံပေါင်းများစွာ မှီတင်းနေထိုင်ကြတဲ့အခါ လူမျိုးစုတွေရဲ့ ကြီးကျယ်ခမ်းနားမှုကို သူတို့ရဲ့ယဉ်ကျေးမှုနဲ့ ဖော်ပြလေ့ရှိပါတယ်။ ဒီယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်စွမ်း၊ ပြန့်ပွားအောင်လုပ်နိုင်စွမ်းက အဲဒီလူမျိုးစုရဲ့ ကြီးကျယ်ခမ်းနားမှုကို ဖော်ပြပါတယ်။ ကျွန်တော်အခုရောက်ရှိနေတဲ့ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ဟာဆိုရင် သာသနာ့အမွေအနှစ်တစ်ခုအဖြစ် တည်ဆောက်ထားတဲ့အတွက် မြန်မာလူမျိုးတွေရဲ့ ကြီးကျယ်ခမ်းနားမှုကိုဖော်ပြတဲ့ ပြယုဂ်တစ်ခုလည်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ဖော်ပြနေတာလည်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာဆိုရင် ခေတ်မီမြို့ပြကြီးတွေ တည်ဆောက်ထားမှ တိုးတက်တာမဟုတ်ပါဘူး။ အခုလိုမျိုး ယဉ်ကျေးမှုကို ထိန်းသိမ်းပြန့်ပွားစေတဲ့ သာသနိကအဆောက်အအုံတွေကို ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ် နိုင်ခြင်းဟာလည်း နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယခုလိုမျိုးသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ယဉ်ကျေးမှုနဲ့ သာသနာတော်ကိုဆောင်ရွက်နေတဲ့ မင်းကောင်းမင်းမြတ်ဦးဆောင်တဲ့အချိန်မှာ နိုင်ငံဟာလည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရပါတယ်။ ဆက်လက်ပြီး မြန်မာနိုင်ငံကြီး သာယာဝပြော ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**သတင်းစဉ်**

# ငြိမ်းချမ်းလှပပါစေ ကျိန်းတောင်ခြေ ရာမောင်မြစ်ကမ်းမှ မင်းပြားမြေ

သိဃ်သူ

- မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန်

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Extremely Severe Cyclonic Strom) “မိုခါ” က ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်း၊ ယင်းနှင့်ဆက်စပ်နေသည့် ကပ္ပလီပင်လယ်ပြင်တို့မှနေ၍ မကြုံစဖူး ကြီးမားပြင်းထန်လှသော အင်အားဖြင့် မြန်မာနိုင်ငံကို ခြိမ်းခြောက်နေချိန်။ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးကို နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပသည်။ မုန်တိုင်းမကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ကျင်းပပြုလုပ်သည့် အဆိုပါ အရေးပေါ်အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲက ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း အမှာအကြားပြုခဲ့သည့်အပြင် “ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ရေး မိမိကိုယ်တိုင် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း” ကိုလည်း ပြောကြားခဲ့သည်။

ရာစုနှစ်များအတွင်း အကြီးမားဆုံးဖြစ်နိုင်သည့် သဘာဝဘေးအန္တရာယ်ကြီး ကျရောက်လာနိုင်သည့် အခြေအနေတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းပမာဏ ကြီးကြီးမားမား ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ရှိခဲ့ရာ ဤမျှဆောင်ရွက်မှုမျိုး ယခင်ကာလတစ်လျှောက် မရှိဘူးခဲ့။ မုန်တိုင်းအန္တရာယ် အသိပေးနှိုးဆော်ခြင်း၊ ပြည်သူလူထုကို ပညာပေးခြင်း၊ ဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသများမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ၊ စားရေရိက္ခာများ အသင့်စုဖွဲ့ထားရှိခြင်း၊ ဓာတ်တိုက်လှေကျင့်ခြင်း စသည်တို့ကို မုန်တိုင်းမဝင်မီ ရက်သတ္တ တစ်ပတ်ကျော်ကာလကပင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့ကြရာ နိုင်ငံပိုင်မီဒီယာများတွင် အဆိုပါ သတင်းများကသာ နေရာများစွာ ယူထားခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre – DMC) ကို ၂၀၂၃ ခုနှစ် မေလ ၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်း၍ မုန်တိုင်းမဝင်မီကာလ ရွှေ့ပြေး ကူညီကယ်ဆယ်ရေး လုပ်ငန်းများအဖြစ် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်တို့တွင် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ ဆေးဝါးနှင့် စားရေရိက္ခာများ ကြိုတင်ပို့ဆောင်ထားနှင့်ခဲ့ပြီးဖြစ်သည်။ **စာမျက်နှာ ၁၅ သို့** ☆



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် အားကစားခန်းမခေါင်မိုး ပျက်စီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အားကစားခန်းမခေါင်မိုး ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။







ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ကျိုးပဲ့နေသည့် သစ်ပင်သစ်ကိုင်းများအား တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။




ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အမက ထောင့်ချောင်းကြီး RCC တစ်ထပ်ကျောင်းဆောင်ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အမက ထောင့်ချောင်းကြီး RCC တစ်ထပ်ကျောင်းဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

☆ စာမျက်နှာ ၁၄ မှ

- **ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်**

မိုခါသည် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ်နှင့် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်တွင် ရခိုင်ကမ်းရိုးတန်းကို ပြည်နယ်၏မြို့တော်ဖြစ်သော စစ်တွေအနီးမှ ဖြတ်ကျော်ဝင်ရောက်ရာတွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းအထိ အင်အားကြီးမားခဲ့သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် အဓိကအားဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ မုန်တိုင်းဝင်ရောက်ပြီး နောက်တစ်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝ ဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာလိုက်သည်။ မုန်တိုင်းပြီးစ ထိုနေ့တွင်ပင် မုန်တိုင်းဒဏ်ကို အဓိကခံရပြီး ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်သည့် စစ်တွေမြို့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရောက်ရှိပြီး အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားရာတွင် ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မိုခါမုန်တိုင်း၏ ကြီးမားသော အင်အားကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်သေဆုံးမှုတို့ လွန်စွာများပြားမည်ဖြစ်ကြောင်း နိုင်ငံတကာက ခန့်မှန်းသုံးသပ်မှုများရှိခဲ့ရာ ပြည်တွင်း၌ ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်မှုကြောင့် မုန်တိုင်း၏ ပမာဏနှင့် နှိုင်းယှဉ်ပါက ထိခိုက်ဆုံးရှုံးမှု များစွာနည်းပါးခဲ့သည်။ မုန်တိုင်းကြောင့် လူဦးရေ ၂ ဒသမ ၉ သန်းခန့် ဘေးသင့်ခဲ့ရာတွင် ၁၅၆ ဦး အသက်ဆုံးရှုံးခဲ့သည့်အနက် ရခိုင်ပြည်နယ်မှ ၁၄၈ ဦးဖြင့် အများဆုံး ဖြစ်သည်။ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုတွင်လည်း ရခိုင်ပြည်နယ်က ၉၇ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် ပမာဏအများဆုံးဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၅၂၂ ဒသမ ၀၀၂ ဘီလီယံဖြစ်သည်။

မုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်ရှိ မြို့နယ်လေးမြို့နယ်၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၄ မြို့နယ်တို့တွင် တစ်မြို့နယ်လျှင် တပ်မတော်အရာရှိကြီး တစ်ဦးကျစီ တာဝန်ပေးအပ်ခဲ့ပြီး အဆိုပါအရာရှိကြီးများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို အနီးကပ်ကြီးကြပ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့အား တာဝန်ပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် မုန်တိုင်းဒဏ်သင့်မြို့နယ်များအလိုက် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို လေ့လာပါက ပြည်နယ်မြောက်ပိုင်း မြို့နယ်များဖြစ်သည့် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့် ကျောက်တော်တို့မှာ ပျက်စီးဆုံးရှုံးမှု များပြားကြသည်။ မုန်တိုင်းစတင်ဝင်ရောက်ခဲ့သည့် စစ်တွေမြို့သည် ပျက်စီးဆုံးရှုံးမှု အများဆုံး၊ တန်ဖိုးအားဖြင့် ကျပ် ၂၂၃ ဘီလီယံခန့် ဆုံးရှုံးခဲ့ရာ ပြည်နယ်တစ်ခုလုံး ပျက်စီးဆုံးရှုံးမှု ပမာဏ၏ ၄၃ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ဒုတိယအများဆုံးမှာ ရသေ့တောင်မြို့ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၇၀ ဘီလီယံခန့် ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်းခန့်၊ တတိယအများဆုံးမှာ ပုဏ္ဏားကျွန်းမြို့နယ်ဖြစ်ပြီး တန်ဖိုးအားဖြင့် ၆၁ ဘီလီယံခန့် ရာခိုင်နှုန်းအားဖြင့် ၁၂ ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ ရခိုင်ပြည်နယ် တောင်ပိုင်းမြို့နယ်များမှာ ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ပြီး ဂွ၊ တောင်ကုတ်၊ မာန်အောင်၊ အမ်း၊ ရမ်းဗြဲ၊ သံတွဲမြို့နယ်တို့တွင် ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ကျပ်သန်း ၂၀၀ ကျော်နှင့် အောက်တွင်သာရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကြီးကြပ် ကူညီဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ၂၀၂၃ ခုနှစ် မေ ၁၉ ရက်၌ တွေ့ဆုံမှာကြားရာတွင် တပ်မတော်အရာရှိကြီးများ တာဝန်ကျရာ မြို့နယ်များသို့ ရောက်ရှိပါက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ဦးစားပေးရှင်းလင်းပြီး လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်ရေသန့်ရရှိရေး၊ အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ပြုပြင်ပေးနိုင်ရေး၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများကို ဦးစားပေး ပြုပြင်နိုင်ရေး၊ နိုင်ငံတော်မှ ပေးပို့နေသည့် ရိက္ခာ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများထံသို့ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်

စာမျက်နှာ ၁၆ သို့ ☆



ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ခွဲစိတ်ကုသမှုဆောင်ရွက်စဉ်။



မင်းပြားမြို့နယ် ချော်ချောင်းကျေးရွာ သောက်သုံးရေကန် တာပေါင်မြှင့်တင်ခြင်း မဆောင်ရွက်မီ တွေ့ရစဉ်။



မင်းပြားမြို့နယ် ချော်ချောင်းကျေးရွာ သောက်သုံးရေကန် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ဆန်နှင့် စားရေရိက္ခာများ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်ရောက်ရှိရေး တပ်မတော်သားများ ဆောင်ရွက်ပေးနေစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးစဉ်။

☆ စာမျက်နှာ ၁၅ မှ

ဖြန့်ဝေထောက်ပံ့ရေး၊ စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် အခြားအရေးတကြီး ဆောင်ရွက်ပေးရန်များ ရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် မှာကြားခဲ့သည်။ အဆိုပါ တပ်မတော်အရာရှိကြီးများမှာ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြန်လည်ထူထောင်ရေး၊ စားရေရိက္ခာထောက်ပံ့ရေးများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

**ပျက်စီးဆုံးရှုံးမှုတန်ဖိုး အဆင့် (၈) တွင် ရှိသောမြို့**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်တွင် ပါဝင်သော မင်းပြားမြို့သည် စစ်တွေမြို့၏အရှေ့မြောက်ဘက် ၃၈ မိုင်အကွာတွင် တည်ရှိပြီး မြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းမှာ ၁၆၂၃ စတုရန်းမိုင် ကျယ်ဝန်း၍ ကျေးရွာပေါင်း ၁၃၆ ရွာ ပါဝင်သည်။ မြေဩဇာကောင်းမွန် ထက်သန်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေး ဖြစ်ထွန်းပြီး မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြရာ လယ်ယာသားငါးသည် ဒေသ၏ အဓိကစီးပွားရေးဖြစ်သည်။ ချင်းပြည်နယ် မတူပီမြို့နယ်ရှိ နာမည်ကျော် ဘုံတလာရေတံခွန်မှ စတင်မြစ်ဖျားခံသည့် လေးမြို့မြစ်ခေါ် ရာမောင်မြစ်သည် မင်းပြားမြို့အရှေ့ဘက်မှ ဖြတ်သန်းကာ ကုလားတန်မြစ်အတွင်းသို့ စီးဝင်သွားသည်။ မြို့၏အနောက်ဘက်တွင် ရိုးမတောင်စွယ်ဖြစ်သည့် ကျိန်းတောင် တည်ရှိနေရာ တည်နေရာအနေအထားအရ လေကွယ်ရာတွင် ကျရောက်နေသဖြင့် မုန်တိုင်းဒဏ်မှ အတန်ငယ်သက်သာရာ ရခဲ့သည်ဟု ဆိုနိုင်သည်။ ရခိုင်ပြည်နယ်၏ မြို့နယ်များအလိုက် ပျက်စီးဆုံးရှုံးမှု အခြေအနေပြဇယားတွင် မင်းပြားသည် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၃၉၆၈ ဒသမ ၂၁၀ ဖြင့် အဆင့် (၈) တွင် ရှိနေခဲ့သည်ကို တွေ့ရသည်။

စာရင်းဇယားများအရ မင်းပြားမြို့နယ်တွင် မုန်တိုင်းဘေးသင့်အိမ်ထောင်စုပေါင်း ၄၇၅၃၁ မှ လူဦးရေ ၂၃၉၅၂၇ ဦးရှိရာ ဘေးလွတ်ရာသို့ ၁၄၅၄၄ ဦးကို ပြောင်းရွှေ့ပေးခဲ့ရသည်။ စာသင်ကျောင်း ၁၄၇ ကျောင်း ပျက်စီးခဲ့ပြီး ကျေးလက်ကျန်းမာရေးနှင့် ဆေးရုံဆေးခန်း စုစုပေါင်း ၁၆ ခု ပျက်စီးဆုံးရှုံးခဲ့သည်။ လူသေဆုံးမှု မရှိခဲ့ဘဲ မွေးမြူရေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ သေဆုံးမှု စုစုပေါင်း ၃၇၃၅ ကောင်ရှိခဲ့ရာ ၃၀၀၀ ကျော်မှာ ကြက်များဖြစ်သည်။ လူနေအဆောက်အအုံ ၁၀၁၃၈ လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပြီး ၂၅၇၃ လုံးမှာ လုံးဝပျက်စီးခဲ့သည်။ တဲအိမ်ပေါင်း ၅၉၉၈ လုံး၊ ဌာနဆိုင်ရာရုံး ၁၆ ရုံးတို့လည်း ပျက်စီးခဲ့သည်။ ဘုန်းတော်ကြီးကျောင်း ၁၅၈ ကျောင်း၊ သာသနိကအဆောက်အအုံ လေးခု၊ ရေအရင်းအမြစ် အခြေခံအဆောက်အအုံဖြစ်သည့် တာတမံ ၂၀၅၂၅ ပေနှင့် ရေကန် ၃၃ ကန်၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်တိုင် ၈၂ တိုင်၊ စက်လှေ တစ်စင်း၊ ပုစွန်ကန်ဧက ၄၆၁၇ ဒသမ ၈၉ ဧကတို့ အပါအဝင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၉၆၈ ဒသမ ၂၁ သန်း ရှိခဲ့သည်။

မင်းပြားတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ ကူညီဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ခံရသူမှာ ဗိုလ်မှူးချုပ် ခင်ဇော်ဖြစ်သည်။ မာန်အောင်ကျွန်းဇာတိ ရခိုင်လူမျိုးဖြစ်ပြီး မင်းပြားအနီး နယ်မြေခံတပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရာ ဒေသခံများနှင့် မစိမ်းသူလည်းဖြစ်သည်။ မုန်တိုင်းဒဏ်ခံရသည့် မင်းပြားမြို့ သန့်ရှင်းသာယာလှပရေးအတွက် အလဲလဲအပြိုပြို ဖြစ်နေသည့် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အပျက်အစီးများ၊ အမှိုက်များ၊ လမ်းများ၊ ခြံစည်းရိုးများ၊ ရေမြောင်းများ ရှင်းလင်းခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ကြရာသို့ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားခြင်း၊ အထက (၂)ကျောင်းခေါင်မိုး ပျက်စီးမှုကြည့်ရှုစစ်ဆေးခြင်းတို့ကို ၂၀၂၃ ခုနှစ် မေလ ၂၀ ရက်တွင် ဆောင်ရွက်ခဲ့သည်။

"မုန်တိုင်းတိုက်ပြီး နှစ်ရက်သုံးရက်လောက်ကြာတော့ မင်းပြားကိုရောက်တယ်။ မင်းပြားက စစ်တွေ၊ ရသေ့တောင်လောက်တော့ မပျက်စီးဘူး။ မြို့ထဲက ရာမောင်ခန်းမတို့၊ အထက (၁)၊ (၂)၊ (၃) တို့ ပျက်တယ်။ ဘုန်းကြီးကျောင်းတွေ ပျက်တယ်။ မြို့ပေါ်ကအိမ်တွေ တအားကြီးပျက်စီးတာတော့ မရှိဘူး။ ဒါကကျွန်တော်တို့ရောက်စ မြင်ရတဲ့ အနေအထားပါ" ဟု ဗိုလ်မှူးချုပ် ခင်ဇော် (ငြိမ်း) က ပြန်လည်ပြောသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများအတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများမှာ တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် လုပ်စရာကိုင်စရာများ ကဏ္ဍအလိုက် ကြီးမားကျယ်ပြန့်စွာ ဆောင်ရွက်နေကြရခြင်းဖြစ်သည်။ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ပြည်သူများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေသန့်စင်ကားဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရသလို အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့များကလည်း ရေကန်များတွင် ရေသန့်ဆေးခတ်၊ ကလိုရင်း ခတ်ကြရသည်။ သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် ဥက္ကာပျံရပ်ကွက်အတွင်း ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကိုလည်း လုပ်ကြရသည်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ပြည်သူများအတွက် Life Straw ခေါ် ရေနောက်မှ ရေကြည်ရအောင် သန့်စင်ပေးသောစက်များ ဖြန့်ဝေပေးစဉ်။

၂၀၂၃ ခုနှစ် မေလ ၂၃ ရက်တွင် ရန်ကုန်ဆေးတက္ကသိုလ် (၂) မှ အထူးကုဆရာဝန်ကြီးများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မင်းပြားမြို့တွင် အခြေပြုကာ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ခွဲစိတ်လူနာ ၁၈ ဦး၊ အထွေထွေရောဂါလူနာ ၂၇ ဦး၊ အရိုးရောဂါလူနာ ၂၂ ဦး၊ ကလေးလူနာ ငါးဦး စုစုပေါင်း ၇၂ ဦးတို့ကို လိုအပ်သော ဆေးဝါးကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။ မေလ ၂၄ ရက်တွင် ဦးဥတ္တမပန်းခြံနှင့် အထက (၂) တို့ကို မြို့နယ်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြပြီး ဇေယျာသုခပရိယတ္တိစာသင်တိုက်အတွင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသမှုများ ပြုလုပ်ပေးကြသည်။ ကျေးရွာအချို့တွင် မြေသားရေစုကန်များမှ ကန်ရေကို သုံးစွဲနေကြရခြင်းကြောင့်သန့်ရှင်းသော သောက်သုံးရေရရှိရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆိုလာစနစ်သုံး ရွေ့လျားရေသန့်စက်များဖြင့် သန့်စင်ဖြန့်ဝေပေးခဲ့ရပြီး Life Straw ခေါ် ရေနောက်မှ ရေကြည်ရအောင် သန့်စင်ပေးသောစက်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

မင်းပြားမြို့ပေါ်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသ

စာမျက်နှာ ၁၇ သို့ ☆



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အထက်/၄က် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အထက်/၄က် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

☆ စာမျက်နှာ ၁၆ မှ

တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ အမှတ် (၂) အခြေခံ ပညာ အထက်တန်းကျောင်းတို့တွင် မြို့နယ်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များ က စုပေါင်းသန့်ရှင်းရေးနှင့် ပြန်လည် ထူထောင်ရေး ဆောင်ရွက်ခြင်း၊ ပြည်နယ် အစိုးရအဖွဲ့က ပေးပို့သော ဆန်နှင့် စားသောက်ဖွယ်ရာများ သယ်ဆောင်လာ သည့် ကုလားတန် ၆ ရေယာဉ်မှ ပစ္စည်း များကို နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်း များက သယ်ယူခြင်းတို့ကို မေ ၂၅ ရက် တွင် ဆောင်ရွက်ကြသည်။ " တပ်၊ ရဲရှိတဲ့ အင်အားနဲ့ပဲ ကယ်ဆယ်ရေးပစ္စည်းတွေ ကို သယ်ယူကြတယ်။ တစ်ခါတစ်ခါသယ် ရင် ဆန်အိတ်က ထောင်ချီပြီး နေ့တိုင်းဆို တော့ မနိုင်တော့ဘူး။ လူငှားလုပ်ရတယ်။





ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ရွှေတမာကျေးရွာရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့လိုင်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ရွှေကျန်ကျေးလက်ကျန်းမာရေးဌာနခွဲခေါင်မိုးကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ရွှေကျန်ကျေးလက်ကျန်းမာရေးဌာနခွဲခေါင်မိုး ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

မင်းပြားမှာ ထူးခြားတာက ရေမြောင်း တွေပိတ်ပြီး ရေလျှံတာ။ အထက်တန်း ကျောင်းတွေမှာ မိုးရွာရင် ခြေသလုံး လောက်အထိ ကျောင်းဝင်းထဲ ရေဝင် တယ်။ စည်ပင်ရေမြောင်းတွေမှာ အမှိုက် တွေ ပိတ်ဆို့တာ၊ ဆိုင်တွေ အဆောက် အအုံတွေကို မြောင်းပေါ်မှာ တင်ဆောက် လို့ ရေစီးရေလာပိတ်ဆို့တာတွေ ဖြစ် တယ်။ ချောင်ကြိုချောင်ကြားထဲအထိ ကျွန်တော်ကိုယ်တိုင် လိုက်ကြည့်စစ်ဆေး ပြီး မြို့ရေစီးရေလာကောင်းအောင် မြို့မိ မြို့ဖတွေနဲ့ပေါင်းပြီး လုပ်ခဲ့ရတယ်။ တပ်က ဘတ်ဟိုး အသေးလေးတစ်စီးနဲ့ တစ်လလောက်ကြာအောင် ရှင်းလိုက် တာ တော်တော်လေးအဆင်ပြေသွား တယ်" ဟု ဗိုလ်မှူးချုပ် ခင်ဇော်( ငြိမ်း) က ပြန်လည်ပြောပြသည်။

မင်းပြားမြို့ ပြန်လည်ထူထောင်ရေး တွင် ကျောင်းဖွင့်ချိန်အမီ ကျောင်းများ ဖွင့်လှစ်နိုင်ရေးကလည်း အရေးကြီး သည်။ သင်ကြားရန် အခက်အခဲရှိနေသည့် အမက ကျောင်း ငါးကျောင်း၊ အမက(ခွဲ) တစ်ကျောင်း၊ မူလတန်း(လွန်) ကျောင်း တစ်ကျောင်း စုစုပေါင်း ခုနစ်ကျောင်း အတွက် လိုအပ်သည့် ယာယီစာသင် ဆောင်များ ဆောက်လုပ်သင်ကြား နိုင်ရေး၊ ဆောက်လုပ်ရေး အဖွဲ့များအား မူလစာသင်ကျောင်းနေရာတွင် အခက် အခဲဖြစ်နေသည့် စာသင်ကျောင်းများကို ဦးစားပေးပြုပြင်ဆောက်လုပ်ရေး ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊ ဒေသခံပြည်သူများ ထံ နိုင်ငံတော်က ထောက်ပံ့သည့် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်စက်များ၊ သောက်ရေ သန့်များ၊ တာပေါ်လင်၊ သွပ်နှင့် ဆေးစိမ် ခြင်ထောင်များ ကွင်းဆင်းထောက်ပံ့ခြင်း တို့ကို တစ်ရက်ပြီး တစ်ရက်ဆောင်ရွက်ခဲ့ သည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ မြို့များ ဓာတ်အားအမြန်ဆုံးရရှိရေး ဆောင်ရွက်ရာတွင် မင်းပြားမြို့နယ် အတွင်း ရပ်ကွက် ကိုးခုနှင့် ကျေးရွာ ၃၉ ရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၄၇ ဒသမ ၉၅ မိုင် ရှိသည့်အနက် ၃၀ ရာခိုင် နှုန်းခန့်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၅၉ ဒသမ ၇၅ မိုင် ရှိသည့်အနက် ၃၅ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ပြီး ဓာတ်အားခွဲရုံ အဆောက်အအုံ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ၅၂ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ရာ ထိုနှစ်ဇွန်လ ပထမပတ် အတွင်း ပြန်လည်ပြင်ဆင်ရေးလုပ်ငန်း များနှင့် ပစ္စည်းအစားထိုး တည်ဆောက် ခြင်းလုပ်ငန်းများ ၇၃ ရာခိုင်နှုန်းခန့်၊ မြို့ပေါ်ဖြန့်ဖြူးရေးလိုင်းများ ပြင်ဆင် ခြင်းရာခိုင်နှုန်းပြည့် ပြီးစီးခဲ့ပြီး ဇွန်လ ၃၀ ရက်တွင် မင်းပြားမြို့ပေါ်၌ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

မိုခါသည် အလွန့်အလွန်အင်အား ကြီးမားသည့် ဆိုင်ကလုန်းမုန်တိုင်း ဖြစ်သော်လည်း နိုင်ငံတော်၏ ကောင်းမွန် သော ကြိုတင်ပြင်ဆင်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကောင်းမွန်စွာ ရင်ဆိုင်ဖြတ်ကျော်နိုင်ခဲ့သည်။ နိုင်ငံတော် ၏ ဘတ်ဂျက်၊ နိုင်ငံတကာနှင့် ပြည်တွင်း အလှူရှင်များ၏ အလှူငွေများဖြင့် ပထမဦးစားပေးအနေဖြင့် ပြည်သူ အားလုံး အမိုးအကာအောက် လုံခြုံစွာ ရောက်ရှိနေထိုင်နိုင်စေရန် စီမံခဲ့ပြီး ဒုတိယဦးစားပေးအနေဖြင့် မုန်တိုင်း မတိုင်မီ ကြိုတင်ကြေညာထားသည့် ဇွန် ၁ ရက်နေ့ ကျောင်းဖွင့်နိုင်ရေးအတွက် အထက်တန်းကျောင်းများကို ဦးစားပေး ပြင်ဆင်ခဲ့ကာ သတ်မှတ်ရက်တွင် ကျောင်းသား ကျောင်းသူများကို အမိုးအကာအောက် လုံခြုံစွာဖြင့်



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ကျေးရွာများ၌ မိုခါမုန်တိုင်းတိုက်ခတ်ခဲ့ရ ပြီးနောက် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကျောင်းဖွင့်လှစ်နိုင်ခဲ့သည်။ ပြင်ဆင်ဆဲ ကျောင်းများအတွက်လည်း ယာယီ အဆောက်အအုံများဖြင့် အမိုးအကာ အောက်တွင် သင်ကြားနိုင်ရေး ပြုလုပ်ပေး နိုင်ခဲ့သည်။ တတိယဦးစားပေးအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် ဆေးရုံဆေးခန်း များ ပြင်ဆင်ပေးခဲ့ပြီး မုန်တိုင်းအပြီး ရက်သတ္တပတ် အနည်းငယ်အကြားတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန် အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည်။

မိုခါမုန်တိုင်းအလွန်ကာလ ၂၀၂၃ ခုနှစ် ဇွန်လ ၂ ရက်အထိ ရခိုင်ပြည်နယ် ၁၇ မြို့နယ်၌ ကျောင်းအပ်နှံပြီးစီးမှု အခြေအနေမှာ အထက်တန်း ၄၇၇၈၃ ဦး၊ အလယ်တန်း ၉၄၉၇၄ ဦး၊ မူလတန်း ၂၉၄၄၉၆ ဦး စုစုပေါင်း ၄၃၇၂၅၃ ဦး ရှိခဲ့သည်။ ၁-၉-၂၀၂၃ ရက်တွင် ထုတ်ပြန် သော စာရင်းအရ ရခိုင်ပြည်နယ်အတွင်း အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်း များနှင့် ဘုန်းတော်ကြီးသင်ကျောင်းများ တွင် ကျောင်းအပ်နှံမှု စုစုပေါင်း ၅၇၃၄၅၂ ဦး ရှိခဲ့ပြီး တက်ရောက်သူ ၅၆၉၇၀၂ ဦးရှိခဲ့ရာ တက်ရောက်ရာခိုင်နှုန်း ၉၉ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့သည်။ ပြန်လည် ထူထောင်မှု လုပ်ငန်းများတွင် ကြီးကြပ် ကွပ်ကဲပါဝင်ရန် ဗိုလ်မှူးချုပ် ခင်ဇော် တာဝန်ကျခဲ့သည့် မင်းပြားမြို့နယ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း စုစုပေါင်း ကျောင်းအပ်နှံမှု ၄၄၃၁၂ ဦး ရှိခဲ့ပြီး ပျက်ကွက်သူမရှိ ရာခိုင်နှုန်းပြည့် ကျောင်း တက်ရောက်ခဲ့ကြကြောင်း တွေ့ရသည်။

ကြီးမားလှသည့် သဘာဝဘေး အန္တရာယ်ကြီးကို ကြိုတင်ပြင်ဆင်၍ ရင်ဆိုင်ကျော်လွှားခဲ့ကြခြင်း၊ ဘေးဒဏ် သင့်ထိခိုက်ပျက်စီး ဆုံးရှုံးသွားသမျှ အရာအားလုံးကို ပြန်လည် ရှင်းလင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက် ခြင်း၊ မူလအခြေအနေထက် ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ခြင်း လုပ်ငန်းများမှာ ကဏ္ဍများစွာတွင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများစွာတို့က တာဝန်ကိုယ်စီ၊ အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်နေကြခြင်းဖြစ်ရာ ဆောင်းပါး တစ်ပုဒ်မျှဖြင့် ဖော်ပြရန်မလွယ်။ မုန်တိုင်း ဒဏ်သင့် မင်းပြားကို ပြန်လည်တည် ဆောက်ရာတွင် တာဝန်ခံ တပ်မတော် အရာရှိကြီးအနေဖြင့် မြို့မိမြို့ဖများနှင့် တိုင်ပင်ကာ အမြင်မတင့်တယ်သည်များ ကိုလည်း ပြန်လည်ပြင်ဆင်ပေးခဲ့ကြောင်း မူကြို၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဆောက်အအုံ၊ သီလရှင်ကျောင်း စသည်တို့ကိုလည်း ငွေကြေး၊ ပစ္စည်းများ သုံးစွဲ၍ ပြန်လည်ပြုပြင်ပေးခဲ့သည်ဟု သိရှိရသည်။

"မင်းပြားမြို့ရဲ့ ဆိပ်ခံတံတားက ကမ်းကို ရေတိုက်စားတော့ ပျက်စီးနေ တယ်။ ဒုတိယဝန်ကြီးချုပ်လာတုန်းက မြို့ရဲ့ လိုအပ်ချက်ကိုတင်ပြတော့ သွားကြည့်ပြီး ပြင်ပေးဖို့ အစီအစဉ်ရှိခဲ့ တယ်။ ကျွန်တော်က မင်းပြားနားက တပ်မှာ တာဝန်ကျခဲ့ဖူးတော့ ဒီမြို့မှာ တော်တော်များများက သိကြတယ်။ အခုလို ကိုယ့်ကို တာဝန်ပေးလို့ လုပ်လာ ရတဲ့အခါ ဒေသပိုကောင်းလာအောင် စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်ကိုင်ခဲ့ပါ တယ်။ တကယ်ဒုက္ခရောက်နေသူတွေဆီ လိုအပ်တာတွေ မှန်မှန်ကန်ကန်ရောက် အောင်လည်း လုပ်ပေးခဲ့တယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တာနဲ့ ပတ်သက်ပြီး ခြုံငုံပြောရရင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေးအားလုံး ချောချော မောမောအေးအေးချမ်းချမ်း စိတ်ချမ်းချမ်း သာသာ အထစ်အငေါ့မရှိ ပြီးမြောက်ခဲ့ပါ တယ်"ဟု ဗိုလ်မှူးချုပ် ခင်ဇော်(ငြိမ်း)က ပြောကြားခဲ့သည်။

မိုခါအလွန်တွင် အားအင်အသစ်ဖြင့် ပြန်လည်နိုးထလာနိုင်ရန် နိုင်ငံတော်နှင့် ပြည်သူတို့၏ တွဲလက်များဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့သည့် ကျိန်းတောင်ခြေ ရာမောင်မြစ်ကမ်းမှ မြို့ကလေး၊ ပညာ လိုလားသည့် ကလေးငယ်များ ရာနှုန်း ပြည့် ပညာသင်ယူခဲ့ကြရာ ဒေသ၊ မြေဆီ သြဇာ ထက်သန်မှုကြောင့် စပါးဆန်ရေ ကြွယ်ဝသည့် မင်းပြားမြေ အမြန်ဆုံး ငြိမ်းချမ်းလှပပါစေကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် မတ် ၂၆ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့၌ကျင်းပသည့် (၁၃) ကြိမ်မြောက် နျူကလီးယားနည်းပညာ အခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄) (XIII International Forum ATOMEXPO 2024) ဒုတိယနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၁၃) ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄) ၏ ခန်းမ ၆ ၌ ပြုလုပ်သော မျက်နှာစုံညီအစည်းအဝေး(Plenary Session) တွင် "SMR Opportunities and Challenges" ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုများသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တာဝန်ရှိသူများနှင့်အတူ Rosatom ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသော လေအား၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် မျက်နှာစုံညီအစည်းအဝေး (Plenary Session) "Nuclear Infrastructure: nuclear project drivers" သို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၄) ဒုတိယနေ့သို့ တက်ရောက်ဆွေးနွေး

နေပြည်တော် မတ် ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ မတ် ၂၆ ရက်က ဆိုချီမြို့၌ ကျင်းပသည့် (၁၃) ကြိမ်မြောက် နျူကလီးယား နည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၄) (XIII International Forum ATOMEXPO 2024) ဒုတိယနေ့သို့တက်ရောက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၆ ရက် နံနက်ပိုင်းတွင် Advanced Training for Generation IV NPP Personnel: Driver for sustainable development စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Proryv's Sirius Robotics Training and Experimental Center သို့သွားရောက်၍ ဆန်းသစ်တီထွင်ထုတ်လုပ်ထားသည့် နည်းပညာမြင့်စက်ရုပ်များ၊ ဘက်စုံသုံးနှင့် သယ်ယူပို့ဆောင်ရေးစက်ရုပ်များ၊ စက်ပစ္စည်းများ အားလုံးကို စက်များဖြင့် ဝန်ဆောင်မှုပေးနိုင်သော အပြန်အလှန်လဲလှယ်နိုင်သော module များဖြင့် မောင်းသူမဲ့ ထုတ်လုပ်မှုအတွက် ဒီဇိုင်းထုတ်ထားမှုများကို ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် nuclear infrastructure: Drivers of Nuclear Projects ခေါင်းစဉ်ဖြင့် Sirius Park of Science and Art ၌ ကျင်းပသည့် ဆွေးနွေးပွဲသို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်အနေဖြင့် တက်ရောက်ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် နျူကလီးယားစွမ်းအင်သည် အနာဂတ်ကို ပုံဖော်ရန်အတွက် အလားအလာရှိသည့် သန့်ရှင်းပြီး ရေရှည်တည်တံ့သော စွမ်းအင်၏ မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်ဖြစ်သည်ဟု ရှုမြင်ပါကြောင်း၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်အတွက် နျူကလီးယားစွမ်းအင်ကို အသုံးချခြင်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝ သာယာဝပြောရေးကို မြှင့်တင်ရာတွင် များစွာအထောက်အကူ ဖြစ်စေနိုင်ပါကြောင်း၊ ဘေးကင်းလုံခြုံပြီး ရေရှည်တည်တံ့ခိုင်မြဲသော နျူကလီးယားစွမ်းအင်အစီအစဉ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို ဂရုတစိုက် စီစဉ်၍ ပြင်ဆင်ထားရမည်ဖြစ်ပြီး ရေရှည်ကတိကဝတ်များ လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် နျူကလီးယား အခြေခံအဆောက်အအုံများ တိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေဂျင်စီ၏ အကူအညီကို ရယူလိုကြောင်း၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရန်အတွက် နျူကလီးယားနှင့် ဓာတ်ရောင်ခြည် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနယ်ပယ်တွင် ရုရှားဖက်ဒရယ် ပတ်ဝန်းကျင်၊ စက်မှုနှင့်နျူကလီးယား ကြီးကြပ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံသည် အဏုမြူစွမ်းအင်ဆိုင်ရာ အာဆီယံကွန်ရက် (ASEANOM)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နျူကလီးယား အခြေခံအဆောက်အအုံသည် နျူကလီးယားစက်ရုံများ ဘေးကင်းလုံခြုံစွာ လည်ပတ်ရန်အတွက် လိုအပ်သော တရားဝင် စည်းမျဉ်းစည်းကမ်း၊ နည်းပညာနှင့် လူသားအရင်းအမြစ်စွမ်းရည်များကို ပံ့ပိုးပေးသည့် မည်သည့် နျူကလီးယားစီမံကိန်းအတွက်မဆို အရေးပါသည့် မောင်းနှင်အားတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ATOM-EXPO 2024 FORUM တက်ရောက်စဉ် မတ် ၂၅ ရက်က ရုရှားနိုင်ငံ 24 RUSSIA မီဒီယာကို လက်ခံတွေ့ဆုံပြီး ကမ္ဘာကြီးနှင့် အနာဂတ်မျိုးဆက်များ၏ လုံခြုံသောဘဝအတွက် ကမ္ဘာလုံးဆိုင်ရာ "net zero emission program" ကို အောင်မြင်စေရန် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော နျူကလီးယားနည်းပညာများ အသုံးပြုခြင်း၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်အတွက် နျူကလီးယားစွမ်းအင်ကို အသုံးချခြင်းသည် ပြည်သူများ၏လူမှုစီးပွားဘဝ သာယာဝပြောရေးကို မြှင့်တင်ရာတွင် များစွာအထောက်အကူ ဖြစ်စေခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်များဖြင့် အသုံးပြုနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)က ချမှတ်ထားသော လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေး အလေးပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ (Nuclear Infrastructure) နျူကလီးယား အခြေခံအဆောက်အအုံ တိုးတက်ရေး ဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့နယ် နမ့်ခမ်း-ဝမ်ကောင်း-ကဲရွှေ-နမ့်နီ-နမ့်ကဲ-ရှန်ထနူး ကျေးရွာချင်းဆက်လမ်း ရာနှုန်းပြည့်ပြီးစီး

ကျိုင်းတုံ မတ် ၂၇

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃၀ ဒသမ ၇၄၈ သန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု နယ်စပ်မှ နမ့်နီ/ နမ့်လုံအုပ်စု နမ့်ခမ်း-ဝမ်ကောင်း -ကဲရွှေ-နမ့်နီ-နမ့်ကဲ-ရှန်ထနူး ကျေးရွာချင်းဆက်လမ်း ၁၅/၀ မိုင်အနက် ၆/၀ မိုင် မြေသားလမ်းဆောင်ရွက်ပြီး ကျန် ၉/၀ မိုင်တွင် ၅/၀ မိုင်အား အကျယ် ၁၂ ပေမှ ကျန်အကျယ် ၂၆ ပေ မြေသားလမ်း တာချဲ့ခြင်းနှင့် ယင်း ၅/၀ မိုင်ပေါ် Box Culvert များ တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအား ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် တာဝန်ရှိသူများက မတ် ၂၅ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



**ဆောင်ရွက်ပြီး**

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်တို့တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉၅၉ ဒသမ ၁၈၆ သန်းဖြင့် မြေသားလမ်း၊ မြေသားလမ်းတာချဲ့ခြင်း၊ ဖြုန်းခင်းခြင်း၊ ကျောက်လမ်း၊ ကျောက်လမ်းပြင်ထိန်း၊ ကွန်ကရစ်လမ်း၊ ကွန်ကရစ်တံတား၊ ဘေလီတံတား၊ ကြိုးတံတား၊ Box Culvert၊ Pile Culvert၊ ကျောက်စီရေမြောင်း၊ မြေထိန်းနံရံ၊ သာသနာရေးလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

မိတ္ထီလာ မတ် ၂၇

မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနက မတ် ၂၇ ရက် နံနက် ၁၀ နာရီက ခရိုင်မီးသတ်ဦးစီးမှူးဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များသည် မိတ္ထီလာမြို့ရှောင်လမ်းအနီး ပျဉ်သာကျေးရွာရှိ BOC စက်သုံးဆီအရောင်းဆိုင်သို့ ကွင်းဆင်း၍ စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်မီးသတ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရမည်းသင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)နှင့် နည်းပညာတက္ကသိုလ်(ရမည်းသင်း)တို့၌ ကျောင်းသားများ ရှင်လန်းချမ်းမြေ့စွာစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၇**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းက ရမည်းသင်းမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း)သို့ ရောက်ရှိပြီး စာမေးပွဲခန်းများတွင် အင်ဂျင်နီယာဘာသာရပ်များအလိုက် ကျောင်းသားကျောင်းသူများ ရွှင်လန်းချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်၊ စာသင်ခန်းများ၊ ပုံဆွဲခန်း၊ သိပ္ပံလက်တွေ့ခန်းများ၊ Life Skills ခန်းများနှင့် အင်ဂျင်နီယာဌာနများရှိ လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများအား အခြေခံသီအိုရီမှစ၍ နက်ရှိုင်းစွာ နားလည်သိရှိသွားပြီး လုပ်ငန်းခွင်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သည်အထိ လေ့ကျင့်ပေးရန် မှာကြား၍ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ နည်းပညာ Skills များ ပြည့်ဝရုံအပြင် ဗလငါးတန်နှင့်ပြည့်စုံသော ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာသော တိုင်းကျိုးပြည်ပြု အဖိုးတန်လူငယ်များဖြစ်စေရေး ကြိုးပမ်းစွမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နည်းပညာတက္ကသိုလ်(ရမည်းသင်း)သို့ ရောက်ရှိပြီး အင်ဂျင်နီယာဘာသာရပ်များအလိုက် သင်တန်းနှစ်အလိုက် စာမေးပွဲခန်းအသီးသီးတွင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးရာ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ကျောင်းသား ကျောင်းသူများ၏ ဖြေဆိုမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရေး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန်နှင့် စာမေးပွဲစည်းကမ်းများအတိုင်း အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခေတ်မီစာကြည့်တိုက်ဖြစ်စေရေး ဖြည့်ဆည်းဆောင်ရွက်ရန်၊ ဆရာနှင့် ကျောင်းသားများ စာကြည့်တိုက်အသုံးပြုမှု မြှင့်တင်ရန် မှာကြားပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်နှင့်ပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို အမှန်တကယ်ဖြစ်ထွန်းစေမည့်သုတေသနလုပ်ငန်းများဖြင့် ရှင်သန်သက်ဝင်နေသော တက္ကသိုလ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နည်းပညာရည်ပြည့်ဝကာ ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ်အင်ဂျင်နီယာကောင်းများ ပေါ်ထွန်းလာစေရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၃၈၅ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး လုပ်ငန်းများ မြို့တော်ဝန်ဦးဗိုလ်ဌေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းတွင် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်အတွက် မြို့တော်ခန်းမရှေ့ ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တည်ဆောက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မဏ္ဍပ်များကြံ့ခိုင်ကောင်းမွန်အောင်တည်ဆောက်ရေး၊ ယာဉ်သွားလာမှု အနှောင့်အယှက်မဖြစ်စေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြား မဟာဗန္ဓုလပန်းခြံလမ်းတစ်လျှောက် လမ်းလျှောက်သင်္ကြန်ပွဲ ခင်းကျင်းပြင်ဆင်နေမှုနှင့် ဖျော်ဖြေရေးမဏ္ဍပ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။ အဆိုပါလမ်းလျှောက်သင်္ကြန်တွင် လမ်းတစ်လျှောက် ရေမှုန်ရေမွှားလျှောက်လမ်း၊ ရေကစားမဏ္ဍပ်များ၊ ဂီတအနုပညာရှင်များ၏ ဖျော်ဖြေရေးမဏ္ဍပ်တို့နှင့်အတူ စားသောက်ဆိုင်ခန်းပေါင်း ၁၅၀ ပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၁၃၈၅ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ပြည်သူ့ရင်ပြင်ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ သွားရောက်၍ ရေမှုန်ရေမွှားလျှောက်လမ်းများနှင့် ရောင်စုံထီးများဖြင့် အလှဆင်ဆောင်ရွက်နေမှု၊ ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်တည်ဆောက်နေမှု၊ တောင်ထန်းတဲများနေရာချထားမှု၊ ရေပိုက်များသွယ်တန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရွှေတိဂုံစေတီပတ်လမ်းထောင့်သို့ သွားရောက်၍ ရွှေတိဂုံစေတီတော်ပတ်လမ်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ဦးမှ အနောက်ရွှေဂုံတိုင်လမ်းဆုံအထိ မူလလမ်းအား ထပ်မံ၍ အကျယ်ကိုးပေ တိုးချဲ့ကွန်ကရစ်ခင်းကျင်းနေမှုနှင့် လူသွားစင်္ကြံ ဆောင်ရွက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော်သို့ သွားရောက်၍ RC Driving Pile အခြေပြု သံကူကွန်ကရစ်တံတား လူလျှောက်လမ်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု



မြစ်ကြီးနား မတ် ၂၇

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ယနေ့နံနက် ၇ နာရီခွဲက ကျင်းပရာ စစ်ရေးပြမှူးနှင့် စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်၍ စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားသူကြီးချုပ် ဦးတူးဂျာ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး နှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တပ်နယ်များမှ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။

ဆက်လက်၍ တိုင်းမှူးက တပ်မတော်နေ့မိန့်ခွန်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် တပ်မတော် အရာရှိစစ်သည် မိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့နယ်အတွင်း သီးထပ်စွမ်းအားတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ပြည် မတ် ၂၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း သီးထပ်စွမ်းအား တိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု တစ်နှစ်သုံးသီးစိုက် ဧရိယာ အတွင်း တောင်သူဦးဝင်းလှိုင်၏ ဗီယက်နမ်ဆန်မွှေးစပါး မျိုးစေ့ထုတ် စိုက်ခင်း အောင်မြင်ဖြစ်ထွန်း နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်းစားသုံးမှုနှင့် ပြည်ပ ဈေးကွက်ရရှိနိုင်မှုပေါ်မူတည်၍ မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်နှင့် ဒေသခံတောင်သူများအား အသိပညာပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် မထောကျေးရွာအုပ်စု၌ ကြက်သွန်စိုက်ခင်းများ ရိတ်သိမ်းနေမှုကို လည်းကောင်း၊ သရေခေတ္တရာ ပျူမြို့ဟောင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပျူကျောက်စာချပ်ကြီးများ ပြန်လည်တူးဖော်နေမှုကိုလည်းကောင်း၊ အတွင်းနန်းတော်ရာကုန်းရှိတောင်ဘက်ကျုံး ပြန်လည်တူးဖော်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။တိုင်းဒေသကြီး(ပြန်/ဆက်)






## (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မဲဘောင်-နောင်ပလိန်-ဝင်းစိန် ကတ္တရာလမ်းဖွင့်

ဘားအံ မတ် ၂၇

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မဲဘောင်-နောင်ပလိန်-ဝင်းစိန် လမ်း ကတ္တရာလမ်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါလမ်း မုခ်ဦးတည်နေရာ၌ ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လာမည့် ဘဏ္ဍာနှစ်များတွင်လည်း ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအခြေအနေများ၊ အဓိက လိုအပ်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းများကို ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် လမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ညိုက လမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ) က လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို လက်ရောက် ပေးအပ်ခဲ့သည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မဲဘောင်-နောင်ပလိန်- ဝင်းစိန် ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြကာ အဆိုပါလမ်းကို ဖြတ်သန်းကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၈၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၁၅၀ |
| 95 Ron | ၂၉၀၀ | ၂၉၅၀ | ၂၉၅၀ | ၂၉၃၀ | ၂၉၅၀ | ၂၉၇၅ | ၂၉၆၀ | ၂၉၃၅ | ၃၀၃၅ | ၃၀၅၀ | ၂၉၄၀ | ၂၉၆၀ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၀ | ၃၂၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၂ | ၂၈၆၁ |
| HSD (500 ppm) | ၂၃၂၁ | ၂၃၉၆ |
| HSD (50 ppm) | ၂၃၆၅ | ၂၄၄၂ |
| HSD (10 ppm) | ၂၃၆၅ | ၂၄၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော် (တပ်ကုန်း) မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ Radio Dubbing Studio (1)တွင်ကျင်းပရာ နေပြည်တော် (ပျဉ်းမနား) အထက (၂)၊ နေပြည်တော် (လယ်ဝေး) အထက (၁)၊ နေပြည်တော် (ဇေယျာသီရိ) အထက (၁)၊ နေပြည်တော် (တပ်ကုန်း)အထက (၁)နှင့် အထက (၂)တို့မှ ကျောင်းသား ကျောင်းသူ ငါးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြ သည်။

အဆိုပါ ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းနှင့် အထက်တန်းအဆင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ငါးဦးတို့က Round တစ်ခုလျှင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ပညာရပ်မေးခွန်းနှစ်ခုနှင့်ရေဒီယိုမှ ထုတ်လွှင့်သည့် အစီအစဉ်ပိုင်းဆိုင်ရာ မေးခွန်းနှစ်ခု စုစုပေါင်း မေးခွန်း လေးခုစီဖြင့် Round လေးခုတွင် ယှဉ်ပြိုင်ဖြေဆိုကြခြင်းဖြစ်သည်။

ထိုသို့ယှဉ်ပြိုင်ကြရာ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပထမဆုကို နေပြည်တော် (တပ်ကုန်းမြို့) အထက (၂) Grade -9 မှ မောင်ဝေယံလင်းကလည်းကောင်း၊ ဒုတိယ ဆုကို နေပြည်တော် (ဇေယျာသီရိမြို့) အထက (၁) Grade-9 မှ မောင်အောင်လင်းခန့်ကလည်းကောင်း၊ တတိယဆုကို နေပြည်တော် (တပ်ကုန်းမြို့) အထက (၁) Grade-9 မှ မနန်းမိုခမ်း၊ အထူးဆုနှစ်ဆုကို နေပြည်တော် (လယ်ဝေးမြို့) အထက(၁)Grade-6 မှ မကြယ်စင်သန့်နှင့် နေပြည်တော် (ပျဉ်းမနား) အထက(၂) Grade-8 မှ မောင်ဟိန်းကိုကိုဇော်တို့က ရရှိခဲ့ကြသဖြင့် ဆုရရှိကြသူများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။



အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပမှုကို မတ် ၂၇ ရက်နှင့် ၂၈ ရက် ည မြန်မာ့အသံရေဒီယိုမှ ပြည်တွင်းသတင်းများ ကြေညာအပြီးတွင် ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းအား အများပြည်သူစိတ်ဝင်စားမှု ပိုမိုရရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေး၊ အသိပညာမျှဝေလှုံ့ဆော်ခြင်းဖြင့် လူထုလူပ်ရှားမှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြိုင်ပွဲ ငါးကြိမ်ကျင်းပမည်ဖြစ်ပြီး တစ်ကြိမ်စီမှ ပထမနှင့် ဒုတိယ ဆုရရှိသူ နှစ်ဦးစီဖြင့် စုစုပေါင်း ၁၀ ဦးတို့က ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



## "Sales and Marketing in Commercial Broadcast" ခေါင်းစဉ်ဖြင့် Online ဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများ ပါဝင်တက်ရောက်

နေပြည်တော် မတ် ၂၇

အာရှနှင့်ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ ရုပ်သံနှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Asia-Pacific Institute For Broadcasting Development-AIBD) အစီအစဉ်ဖြင့် "Sales and Marketing in Commercial Broadcast" Online ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်ဗျူဟာများကို အသိအမှတ်ပြုဆောင်ရွက်ခြင်း၊ ရုပ်သံကြော်ငြာထုတ်လွှင့်ခြင်း၏ စည်းမျဉ်းစည်းကမ်းများ၊ လိုက်နာဆောင်ရွက်ရန် အချက်များ၊ ရုပ်သံထုတ်လွှင့်မှုများတွင် ကြော်ငြာခရရှိမှု၊ ကြော်ငြာလုပ်ငန်းစဉ်များမှ တစ်ဆင့် ဝင်ငွေများရရှိအောင် ဖန်တီးခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်းစံနှုန်းများ၊ တန်ဖိုးများကို ရှာဖွေဖော်ထုတ်ခြင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)အနေဖြင့် AIBD သို့ တက်ကြွသည့် တင်းပြည့်အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဝင်ရောက်ခဲ့ပြီး AIBD မှ စီစဉ်ကျင်းပသည့် လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ သတင်းတု/သတင်းမှားတိုက်ဖျက်ရေးနှင့် မီဒီယာသိနားလည်မှုဆိုင်ရာ သင်တန်းများကို ပါဝင်တက်ရောက်ခြင်း၊ လက်ခံကျင်းပခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## ဇီးကုန်းမြို့နယ်၌ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

ဇီးကုန်း မတ် ၂၇

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဒေသထွက်ကုန်များ၊ ထုတ်ကုန်လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက် မွန်းလွဲပိုင်းက ဇီးကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။




ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (MSMEs)ဒေသထွက်ထုတ်ကုန်လုပ်ငန်းများ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊လုပ်ငန်းရှင်များအတွက်လည်း လုပ်ငန်းလွယ်ကူစွာ လုပ်ကိုင်နိုင်ရေး၊ အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးနိုင်ရေး၊ မိမိဒေသ၏ ထုတ်ကုန်လုပ်ငန်းများအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်သည့် စားသောက်ကုန်များ ဘေးကင်းလုံခြုံရေးအတွက် FDA ထောက်ခံချက်ရရှိရေး၊ စက်မှုကြီးကြပ်နှင့် လုပ်ငန်းလိုင်စင်ရရှိရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့က ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများချဲ့ထွင်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ပါက ချေးငွေရရှိရေးတို့ကို လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဇီးကုန်းမြို့နယ်တွင် အလတ်စားလုပ်ငန်း ၂၈ ခု၊ အငယ်စားလုပ်ငန်း ၂၆ ခု၊ အသေးစားလုပ်ငန်း ၂၆ ခုနှင့် စားသောက်ကုန်နှင့် ရောင်းဝယ်ရေးလုပ်ငန်း ၂၃ ခုကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## "နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၂၇

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် ပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် နှိုးဆော်သည့်အနေဖြင့် "နှစ်သစ်မင်္ဂလာမဟာသင်္ကြန်" တေးဂီတဖျော်ဖြေပွဲကို မတ် ၂၉ ရက် (သောကြာနေ့) ည ၉ နာရီခန့် တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် အနုပညာရှင်များဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီ ရဲအောင်၊ ရဲထိုက်၊ ဈာန်ထူး၊ စောဒယ်နီရယ်၊ တေဇာဝင်း၊ ထပ်ဆင့်အကယ်ဒမီ မေသန်းနု၊ သဲနုဝါ၊ စိမ့်နေခြည်၊ သီရိအောင်နှင့် ခင်လပြည့်ဝန်းတို့က အတာသင်္ကြန်တေးသီချင်းများကို သင်္ကြန်အကအလှများနှင့်တွဲဖက်၍ သီဆိုဖျော်ဖြေ တင်ဆက်ကြ မည်ဖြစ်ပြီး ယင်းအစီအစဉ်ကို မတ် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






## ညောင်တုန်းမြို့နယ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် မီးသတ်ရေစင်၊ ကျောက်ရောမြေခင်းလမ်းနှင့် ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားများကျင်းပ

ညောင်တုန်း မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ (၇၉)နှစ် မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မီးသတ်ရေစင်၊ ကျောက်ရောမြေခင်းလမ်းနှင့် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်း ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အမှတ်(၃) ရပ်ကွက် ဆည်မြောင်းရုံးလမ်းရှိ ဂါလန် ၂၄၀၀ ဆံ့ မီးသတ်ရေစင်နှင့် စက်ရေတွင်း အရှည်ပေ ၁၅၆၀၊ အကျယ် ၁၆ ပေ၊ ဒုလေးလက်မရှိ အမှတ်(၁၀)ရပ်ကွက် ရွာမင်းမြို့ပတ်လမ်း အပိုင်း(၁) ကျောက်ရောမြေခင်းလုပ်ငန်း၊ အရှည်ပေ ၁၀၀၀၊ အကျယ်ရှစ်ပေ၊ ဒု ခြောက်လက်မရှိ ဆားမလောက်ကျေးရွာ ဇေယျာသီရိကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်စိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်မျိုးသူ၊ အဖွဲ့ဝင်(၂)ဦးဇော်လွင်၊ အဖွဲ့ဝင်(၃) ဦးကျော်စိုးနှင့် အတွင်းရေးမှူး ရဲမှူးကျော်မျိုးထက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မီးသတ်ရေစင်နှင့် စက်ရေတွင်း၊ လမ်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ချယ်ရီ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဇာခြည်သိန်းအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရပ်စောက်မြို့နယ်၌ မဲခေါင်-လန်ချန်းစီမံကိန်းဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရပ်စောက် မတ် ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲခေါင်-လန်ချန်းစီမံကိန်း အထူးရန်ပုံငွေများဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၂၅ ရက် နံနက်ပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကျောက်တောခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ကျောက်တော ခေတ်မီစံပြကျေးရွာတွင် အရှည်သုံးမိုင်ရှိ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေတားတမံတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်တော ခေတ်မီစံပြကျေးရွာတွင် အဆိုပါရေရရှိရေးလုပ်ငန်းများကို မဲခေါင်-လန်ချန်းစီမံကိန်း အထူးရန်ပုံငွေကျပ် ၁၃၇ ဒသမ ၆၁၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခိုင်ပဒေသာထွန်းကုမ္ပဏီက ယခုနှစ်ဖေဖော်ဝါရီလ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

၂၂၂

# ကွမ်းခြံကုန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ထုတ်ချေးငွေများ ပြန်လည်ပေးဆပ်

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာခြောက်ရွာတို့မှ ကျေးရွာနေပြည်သူများ ထုတ်ချေးခဲ့ကြသည့် ထုတ်ချေးငွေများကို မတ် ၂၆ ရက်က အရင်းအတိုးများ အကျေပြန်လည်ပေးဆပ်ခဲ့ကြသည်။

ထုတ်ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် ကျေးရွာ ၂၄ ရွာရှိသည့်အနက် မတ် ၁ ရက်တွင် အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရမည့်ကျေးရွာခြောက်ရွာဖြစ်သည့် တောကျောင်းကျေးရွာအုပ်စု ကော့ခနိမ်ကျေးရွာ၌ အိမ်ခြေ ၅၇ အိမ်၊ လူဦးရေ ၂၅၀ အနက် ထုတ်ချေးသူဦးရေ ၅၆ ဦး၊ အရင်းအတိုးအကျေပေးသွင်း ငွေကျပ် ၄၂၈၄၀၀၀၀၊ သပြုစမ်းကျေးရွာအုပ်စု သပြုစမ်းကျေးရွာ၌ အိမ်ခြေ ၃၀၇ အိမ်၊ လူဦးရေ ၁၀၇၈ အနက် ထုတ်ချေးသူဦးရေ ၂၆၅ ဦး၊ အရင်းအတိုးအကျေပေးသွင်းရသည့် ငွေကျပ် ၅၄၀၆၀၀၀၀၊ မန်းကလိပ်ကျေးရွာအုပ်စု မန်းကလိပ်ကျေးရွာ၌ အိမ်ခြေ ၃၄၂ အိမ်၊ လူဦးရေ ၁၄၁၁ ဦးအနက် ထုတ်ချေးသူဦးရေ ၃၁၇ ဦး၊ အရင်းအတိုးအကျေပေးသွင်းရမည့်ငွေကျပ် ၄၉၄၇၀၀၀၀၊ ဆူးကလပ်ကျေးရွာအုပ်စု ဆူးကလပ်ကျေးရွာ၌ အိမ်ခြေ ၂၀၉ အိမ်၊ လူဦးရေ ၈၅၂ ဦးအနက် ထုတ်ချေးသူဦးရေ ၁၆၄ ဦး၊ အရင်းအတိုးအကျေပေးသွင်းရမည့် ငွေကျပ် ၃၉၄၂၃၀၀၀၊ သဲကုန်းတန်းကျေးရွာအုပ်စု သဲကုန်းတန်းကျေးရွာ၌ အိမ်ခြေ ၁၀၇ အိမ်၊ လူဦးရေ၄၁၈ ဦးအနက်၊ အကျေပေးသွင်းရမည့်ငွေကျပ် ၃၉၄၂၃၀၀၀၊ ထိဖာကျေးရွာအုပ်စု မာလကာကုန်းကျေးရွာ၌ အိမ်ခြေ ၁၁၂ အိမ်၊ လူဦးရေ ၄၅၁ ဦးအနက် ထုတ်ချေးသူဦးရေ ၁၀၃ ဦး၊ အရင်းအတိုးပေးသွင်းရမည့်ငွေကျပ် ၄၀၁၈၈၀၀၀ တို့ကို ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ရှိသူများက ကြီးကြပ်၍ မြန်မာ့စီးပွားရေးဘဏ်ရှိ သက်ဆိုင်ရာကျေးရွာ ဘဏ်စာရင်းအမှတ်များသို့ အကျေပေးသွင်းခဲ့ကြကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**




❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၃-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ် တေဗျူဟသုတ်၊ အနန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ လူမပြုနတ်ထုသည့်...ကျွန်း
- ၀၉:၁၅ NRC အစီအစဉ် (ရှမ်း)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ဖက်စိမ်းကွမ်းတောင်
- ၁၁:၄၀ Next Level
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူ့အနားကချစ်လိပ်ပြာ' (အပိုင်း-၂၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်တားပွဲ' (အပိုင်း-၄)
- ၁၆:၃၅ အိုးအငွေ့တွေကြားမိန်းမောမနေကြပို့
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ နိုင်ငံချစ်စိတ်မျိုးချစ်စိတ်နဲ့စစ်မှုထမ်းဆောင်ကြပါစို့
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်တားပွဲ' (အပိုင်း-၁၄)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'ရစ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၉)

**mitv**

- 07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:12 Reconservation Thatbyinnyu Temple
- 07:29 Amazing: Magician Sak Kaw Ma
- 07:44 Thahtay Kyun Island
- 08:01 News
- 08:26 Crickets: Seasonal Delicacy & Job Opportunity
- 08:44 Introductory Programme of Literary Award Winners: Maung Nai (Dathanika)
- 09:01 Trend of Kachin Dress
- 09:27 Listening Pleasure, Instrumental Music (Myanmar Harp) Latt Swam Pya
- 09:36 Famous Ywar Ngan Coffee From Shan Highlands
- 10:01 News

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
အဆင်တူချည်တူမှုညီမျှတဲ့သည်မေတ္တာ (ရခိုင်ရိုးရာသမက်တက်ပွဲ)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ကလီစာ၏ကောင်းကျိုးဆိုးကျိုးများ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင်(တိရိစ္ဆာန်ဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
စားချင်စဖွယ်တို့ရိုးရာဟင်း

**ပအိုဝ်း (၁၆:၀၀ မှ ၁၇:၀၀)**
ခနိပူးလုပ်ငန်းအကြောင်း

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၀)

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၅)

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
တောင်ကြာပန်းများ ပျော်စံရာဇိန်မှုတောင်

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၄)

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ရာမညမြေမှအလှတရားများ(အပိုင်း-၂)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၄၅ ပွင့်လင်းရာသီနှင့်မီးဒိုးမြူညစ်ညမ်းမှုအန္တရာယ်
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၉)

**MRTV FARMERS / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
- ၀၆:၃၀ တစ်ပိုင်တစ်နိုင် စိုက်ခင်းများနှင့်ဘဝရှင်သန်ခြင်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Thirteen-Lives-2022 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Kijukiro (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly Soccer Preview

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်ရှိ Francis Scott Key သံမဏိတံတား ကျိုးကျပျက်စီး၍ ခြောက်ဦးသေဆုံး

**ဝါရှင်တန် မတ် ၂၇**

အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် အရှေ့ပိုင်း၌ ကုန်တင်သင်္ဘောကြီးတစ်စင်းသည် Francis Scott Key သံမဏိတံတားကို ယမန်နေ့က ဝင်ရောက်တိုက်မိခြင်းကြောင့် တံတားကျိုးကျပျက်စီးခဲ့ရာ ခြောက်ဦး သေဆုံးခဲ့ကြောင်း အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

စင်ကာပူနိုင်ငံအလံ လွှင့်တင်ထားသည့် ကုန်တင်သင်္ဘောကြီးတစ်စင်းသည် မတ် ၂၆ ရက် အစောပိုင်းတွင် ဘောလ်တီးမိုးမြို့ရှိ Francis Scott Key သံမဏိတံတားကို ဝင်တိုက်မိခဲ့ပြီး တံတား၏ အဓိက အစိတ်အပိုင်းများ ပြိုကျခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားပြီးနောက် ဘောလ်တီးမိုးဆိပ်ကမ်းကို ယာယီပိတ်ထားကြောင်း သိရသည်။

ယင်းကုန်တင်သင်္ဘောသည် တံတားကို ဝင်မတိုက်မီ စက်ချွတ်ယွင်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဘောလ်တီးမိုးဆိပ်ကမ်းသည် အမေရိကန်ပြည်ထောင်စု၏ ထိပ်တန်းသင်္ဘောဆိပ်ကမ်းများအနက် တစ်ခုဖြစ်သည်။ လွန်ခဲ့သည့် ၁၃ နှစ်တာကာလအတွင်း ဘောလ်တီးမိုး ဆိပ်ကမ်းသည် နိုင်ငံတွင်းရှိ အခြားဆိပ်ကမ်းများထက် မော်တော်ယာဉ်ကုန်စည်များ ပိုမိုအတင်အချ ပြုလုပ်နိုင်ခဲ့သည်။

ဘောလ်တီးမိုးဆိပ်ကမ်း၌ လုပ်သား ၁၅၀၀၀ ခန့် ရှိသည်ဟု သမ္မတဂျိုးဘိုင်ဒင်က မှတ်ချက်ပြုပြောကြားသည်။ သင်္ဘောဆိပ်ကမ်း လုပ်သားများ အလုပ်အကိုင်ဆုံးရှုံးမှုမရှိစေရန် တတ်နိုင်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သင်္ဘောအသွားအလာ ပြန်လည်မစတင်မီ လမ်းကြောင်းရှင်းလင်းမှုများ ပိုမိုမြန်ဆန်စေရန် အင်ဂျင်နီယာများ စေလွှတ်ထားကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားသည်။

ဘောလ်တီးမိုးဆိပ်ကမ်းပိတ်ထားစဉ်အတွင်း သင်္ဘောများသည် နယူးယောက်မြို့ သို့မဟုတ် အရှေ့ဘက်ကမ်းရိုးတန်းရှိ အခြားဆိပ်ကမ်းများကို အသုံးပြုနိုင်ဖွယ်ရှိကြောင်းနှင့် ဒေသတွင်းစီးပွားရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။



Francis Scott Key သံမဏိတံတားကို ၁၉၇၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး တစ်နှစ်လျှင် ကားအစီးရေ ၁၁ ဒသမ ၅သန်းခန့် ဖြတ်သန်းသွားလာလျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ပြီးပြည့်စုံသည့် ဒေတာအချက်အလက်စနစ် တည်ဆောက်

**ဂျကာတာ မတ် ၂၇**

အင်ဒိုနီးရှားနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ပြီးပြည့်စုံသည့် ဒေတာအချက်အလက်စနစ်တစ်ခုကို တည်ဆောက်နေကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

လက်ရှိအချိန်တွင် အင်ဒိုနီးရှားနိုင်ငံအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ၁၃ ဒသမ ၄ သန်းရှိကြောင်း သိရသည်။

၎င်းလုပ်ငန်းများ၏ အချက်အလက်များကို ပြည့်စုံစွာကောက်ခံနေကြောင်း ဝန်ကြီးဌာန တာဝန်ရှိသူ ဆီတီအဇစ်က ပြောကြားသည်။



နိုင်ငံအတွင်း ခရိုင် ၂၁၅ ခုရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းနှင့်သက်ဆိုင်သည့် အချက်အလက်များ ကောက်ယူခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ အချက်အလက်များကောက်ယူရာတွင် လုပ်ငန်းအမျိုးအစား၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ငွေကြေးအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဈေးကွက်ဆိုင်ရာ အချက် အလက်များကို တာဝန်ရှိသူများက ကောက်ယူခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက် ၉ ဒသမ ၁ သန်းကို ကောက်ယူခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အလားတူ အချက်အလက် ၄ ဒသမ ၃ သန်းကို ကောက်ယူခဲ့သည်။

ယင်းကောက်ယူရရှိသည့် အချက်အလက်များကိုအခြေခံ၍ နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၆၀ ရာခိုင်နှုန်းကို ကိုယ်စားပြုနေသည်။ အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အချက်အလက်များကို ယခုနှစ်အတွင်း အပြီးကောက်ယူရေး ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန် စိုးသူရ**

# ဂျပန်နိုင်ငံ တိုကျိုအိုလံပစ်နှင့် မသန်စွမ်း အားကစားကျေးရွာနေရာဟောင်းတွင် ဟိုက်ဒရိုဂျင်လောင်စာစခန်း ဖွင့်လှစ်

**တိုကျို မတ် ၂၇**

ဂျပန်နိုင်ငံ တိုကျိုအိုလံပစ်နှင့် မသန်စွမ်း အားကစားကျေးရွာနေရာဟောင်းတွင် ဟိုက်ဒရိုဂျင်လောင်စာစခန်းတစ်ခု ဖွင့်လှစ်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ယခု လောင်စာစခန်း ဖွင့်လှစ်ခြင်းသည် တိုကျိုမြို့တော်အစိုးရက ဆောင်ရွက်သည့် ကာဗွန်ကင်းစင်ရေးကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ယင်း စခန်းမှ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို ဘတ်စ်ကားများအတွက် လောင်စာအဖြစ် အသုံးပြုမည်ဖြစ်သည်။

ထို့ပြင် မြေအောက်ပိုက်လိုင်းမှတစ်ဆင့် ယင်းလောင်စာထုတ်လုပ်ရေးစခန်းမှ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို အနီးနားရှိ ဒေသများသို့ လောင်စာအဖြစ် ပေးပို့မည်ဖြစ်သည်။

၎င်းအပြင် စခန်းမှထုတ်လုပ်သည့် ဟိုက်ဒရိုဂျင် လောင်စာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးမည်ဖြစ်ပြီး ၎င်းဓာတ်အားကို ဒေသတွင်း တိုက်ခန်းများတွင် လျှပ်စစ်မီးသုံးစွဲရေးအတွက် အသုံးပြုမည်ဖြစ်သည်။

ယခု ဆောင်ရွက်ချက်သည် နေ့စဉ်ဘဝတွင် စွမ်းအင်အသုံးပြုမှု တိုးချဲ့ရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်သည်ဟု တိုကျိုဒေသန္တရအစိုးရက ပြောကြားသည်။




**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– စိုးသူရ**

# ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှု ဖေဖော်ဝါရီလတွင် ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့

**ဗန်ကောက် မတ် ၂၇**

ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်(FTI)၏ မတ် ၂၆ ရက်တွင် ထုတ်ပြန်သည့်အချက်အလက်များအရ တင်သွင်းသည့် လျှပ်စစ်ကားများ များပြားလာခြင်းနှင့် ပြည်တွင်းဈေးကွက်အတွက် ထုတ်လုပ်မှုကျဆင်းမှုကြောင့် ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုသည် ဖေဖော်ဝါရီလတွင် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုင်းမော်တော်ယာဉ် ထုတ်လုပ်သူများသည် ဖေဖော်ဝါရီလအတွင်းက ကားအစီးရေ ၁၃၃၆၉၀ ထုတ်လုပ်ခဲ့ရာ ယခင်နှစ်အလားတူကာလထက် ၁၉ ဒသမ ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထရပ်ကားနှင့် လူစီးကားထုတ်လုပ်မှု သိသိသာသာ ကျဆင်းလာကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ပြည်တွင်း၌ မော်တော်ယာဉ်ရောင်းချမှုသည် တစ်နှစ်ထက်တစ်နှစ် ၂၆ ဒသမ ၁၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်၏ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် ပြောရေးဆိုခွင့်ရှိသူ ဆူရာပွန်က ပြောကြားခဲ့သည်။

သို့ရာတွင် ဟိုက်ဘရစ်လျှပ်စစ်ခရီးသည်တင်ကားများ၏ ရောင်းအားမှာ ယခင်နှစ်ထက် ၆၅ ဒသမ ၇၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ ကားအချောထည်တင်ပို့မှုသည် ယခင်လက အစီးရေ ၈၈၇၂၀ ရှိခဲ့ခြင်းကြောင့် သုည ဒသမ ၂၂ ရာခိုင်နှုန်း တက်လာခဲ့ကြောင်း ဆူရာပွန်က သတင်းစာရှင်းလင်းပွဲတွင် ထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ရဲသူရိန်လမ်း၊ အမှတ်(၂၆၆) မြေကွက်ပေါ်ရှိ ဒုတိယထပ်၊ ၃–လွှာ (မျက်နှာမူလျှင် ဝဲဘက်)၊ (၁၈'x၅၄') အကျယ်ရှိသောတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဟန်ဝင်းအောင် [၁၂/မရက(နိုင်)၀၈၄၅၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းသူ [၁၂/ဥကမ(နိုင်)၁၉၈၃၄၄]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၈၊မြေကွက်အမှတ် ၂၀၆/ခ၊မြေကွက်တည်နေရာအမှတ်–၂၀၆/ခ၊ကံကော်လမ်း၊(၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒေါ်မာကြူရီ(CG–၀၇၁၅၃၈)အမည်ပေါက် ပါမစ်မြေအားအမည်ပေါက်ထံမှအရပ်စာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူထားသူ ဒေါ်ခင်ဌေးဝင်း(၈/မထန(နိုင်)၀၇၇၅၃၁)မှပါမစ်မူရင်း(မူရင်းတံဆိပ်တုံးမပါ) အရပ်စာချုပ်အဆက်အစပ်များ၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ဂရန်သစ် လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်နှစ်ထပ် အုတ်ညှပ်အဆောက်အဦတစ်လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ဒေါ်ခင်ဌေးဝင်းမှဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်၍ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့် ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဗန်းမော်မြို့ ၃ မိုင် ရွှေပြည်သာရပ်ကွက် ဒေါ်မြရင်လေးရိပ်သာလမ်းမှ ခြံဝင်းတစ်ခုအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် တရုတ်စာသားပါ ယူရီးယားဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ်ပါ ၂၁ အိတ် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၅ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့အဝင် မိုင်တိုင်အမှတ်(၂/၇)အနီး၌ ဘားအံမြို့မှ သထုံမြို့သို့ မောင်းနှင်လာသည့် ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lipovita–D အချိုရည် ပုလင်း၂၆၅၀၀၊ ဆပ်ပြာမှုန့်အထုပ်၇၂၀၊ Yam Yam ခေါက်ဆွဲခြောက် အထုပ် ၁၀၈၀၀ အပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sight Seeing Bus တစ်စီး၊ Win Myanmar Bus တစ်စီး၊ Volvo Bus တစ်စီး၊ Higer Bus တစ်စီးနှင့် Hino Bus တစ်စီး စုစုပေါင်း ယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၈၉၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောက်ဥက္ကလာပမြို့နယ် (၆)ကွေ့မှတ်တိုင်



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Double Bear ဆန်မှုန့် ၅၁၄၈ ထုပ် အပါအဝင် ကုန်ပစ္စည်း သုံးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၉၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ သာမည်မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sunkist လိမ္မော်သီး ၁၅၀၀ ကီလိုဂရမ်၊ အိန္ဒိယနိုင်ငံထုတ် Fertizee – M အားဆေးဘူး ၄၄၈၀၀၊ ကားအပိုပစ္စည်း Three Jaw Puller ၄၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၁၀မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၄၁၁၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JAC Bus တစ်စီးနှင့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၃၆၀၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၅ ရက်တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၆၃၅၀၆၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**ရန်ကုန် မတ် ၂၇**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာ စာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် “စားသောက်ကုန်ထုတ်လုပ်မှုနှင့် နည်းပညာဆန်းသစ်မှု” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မတ်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၄ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ–အင်္ဂလိပ်ဘာသာစကား)တို့၏ “စားသောက်ကုန်ထုတ်လုပ်မှုနှင့် နည်းပညာ ဆန်းသစ်မှု” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ကိုကျော်စွာ(ကျိုက်ပိ) တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ အေးထွန်းမင်း၏ နိုင်ငံတကာဆိုင်ရာဆောင်းပါး၊ ပါမောက္ခကိုကိုအောင်၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)၊ သီဟသိန်းတန်တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ သန့်လွင်ထွန်း (MPA) ၏ ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာလွင်သန့်၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ စောနိုင်(အသုံးချဘောဂဗေဒ) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ ရဲထက်ဇော်၊ ဦးဦးသိန်း၊ ခင်မောင်ခြိမ့်၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ မြသဲ (သုတေသန)၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့်လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ–၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇–၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂– ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၈၂၄၉၀၃၁၊ ၀၁– ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေမြင့်မှ လူမျိုးတင့်မည်

# ရေတာရှည်မြို့နယ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ရေတာရှည် မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသမီးဝန်ထမ်းများ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်မိုးလုံလေလုံအားကစားရုံနှင့် ဖူဆယ်ဘောလုံးကွင်းအတွင်း၌ ကျင်းပသည်။



အဆိုပါ ဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်း ၁၂ သင်းပါဝင်ပြီး အသင်းအလှည့်ကျစနစ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်းများက အသင်းလေးသင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဒိုင်အဖြစ် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။ ပြိုင်ပွဲဝင်အသင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များကဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ရေတာရှည်(ပြန်/ဆက်)**

မိတ်ဆွေ- ပြဿနာ၊အမွေများနှင့် ငွေဆုံးရှုံးမှုမဖြစ်ရအောင်တိုက်၊အိမ်၊ ကား၊ခြံ မ ဝယ်မီ၊အမွေခွဲဝေခြင်းနှင့်မှုခင်းများမလုပ်မီ(ဖြစ်နေလျှင်)ဘာဘဲ လုပ်လုပ်ကြိုတင်ဆွေးနွေးအကူညီရယူပါ။ ပြည်လမ်း၊အင်ယားကန်အနီး၊ ၉ပေအုပ်တံတိုင်းနှင့်ကြိုး ဖုန်းပါခြံရောင်းမည်။(သို့)၎င်းခြံကို 2RCလုံးချင်း ဖြင့်အလဲအထပ်လုပ်လိုပါ၍ ပိုင်ရှင်သာဆက်သွယ်ပါ။ စေ တ နာ ဥပဒေအကြံပေးလုပ်ငန်း၊ 09-79 22 47 521/09-4 222 888 46

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးတန်ဖိုးမျှတ(ဒုတိယအဆင့်)အိမ်ရာ၊ အပိုင်း(၂)၊ ဗိုလ်မှူးဗထူးလမ်း၊ တိုက်အမှတ်(AA6)၊ တိုက်ခန်းအမှတ်(၈၀၂)၊ (U-600)၊ အကျယ်အဝန်း(၆၀၀စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်အိအိကျော်သက် [၁၂/ဥကတ(နိုင်)၀၀၆၅၈၀]**မှ ၎င်းတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ**ဦးသူရကျော်[၁၂/စခန(နိုင်)၀၀၃၀၇၂]**က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မင်းသျှန္တီဖြိုး (စဥ်-၁၂၈၄၆)**
**[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.I.P.L,DL-101 WIPO (Switzerland)]**

**ဒေါ်စုစုမွန် (စဥ်-၁၃၄၉၆)**
**[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.B.L,D.I.L,D.I.P.L, DL-101 WIPO (Switzerland)]**

**ဖုန်း - ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်-၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ကွန်ဒို၊ တိုက်အမှတ်-(ဘီ) အဆောက်အဦ၏ (၁၀)လွှာ၊ အကျယ်အဝန်း(၁၃၅၀)စတုရန်းပေရှိ အခန်းအမှတ်(၁၀၁၀) ဓာတ်လှေကားပါ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ ဒေါ်ကေသီ [၁၂/ဥကတ(နိုင်)၁၂၆၉၂၅]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာနွေး( LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၉၄၇)**
**အမှတ်(၅၅၂/က)၊ အင်ကြင်းလမ်း ၊(၂၂)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၈၀၀၀၇၀**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၉၂

| | | |
|---|---|---|
| ၁။ ဒေါ်ခင်သန်းကြည် | နှင့် | ၁။ ဒေါ်ခင်မြင့်မြင့် |
| ၂။ ဒေါ်ခင်သန်းရီ | | ၂။ ဒေါ်သန်းသန်းဦး |
| ၃။ ဒေါ်ခင်အုံးမြင့် | | ၃။ ဦးသက်နိုင် |
| (၃) အယူခံတရားလိုကိုယ်တိုင်နှင့် | | ၄။ ဦးကိုကိုအောင် |
| (၁)(၂)အယူခံတရားလိုများ၏ | | ၅။ ဦးမောင်ညွှန့် |
| အခွင့်ရကိုယ်စားလှယ်) | | ၆။ ဦးအောင်ထွဋ်သိန်း |
| | | ၇။ မသူဇာအောင် |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အင်းစိန်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၁၅/၂၀၂၂ အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ အနောက်ပုလဲဂေဟာလမ်း၊ အမှတ်-၈နေ အယူခံတရားပြိုင် (၁) ဒေါ်ခင်မြင့်မြင့်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် အင်းစိန်ခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော် တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ(၅)ရက်(၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ရန်ကုန်မြို့၊အလုံမြို့နယ်၊ဥာနာရပ်ကွက်၊ရေဝတီလမ်း၊ အမှတ်(၂၄)ဟုခေါ်သည့် (၂)ခန်းတွဲ(၅-ထပ်) ကန်ထရိုက်တိုက်၏(၅-လွှာ/အပေါ်ဆုံးထပ်/A-5 (ခေါင်းရင်းခန်း)(၁၂½×၅၀)ပေခန့်ရှိသည့်တိုက်ခန်း အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါတိုက်ခန်းကို အရောင်းအဝယ်သဘောတူကတိစာချုပ်(အဆက်ဆက်)အရဝယ်ယူပိုင်ဆိုင်ထားသူ-ဦးအောင်စိုး(၁၂/ဒဂန(နိုင်)၀၁၁၅၂၁)က အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်မြမွှေးကြည်(၁၂/လသန(နိုင်)၀၀၃၆၈၂)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၅)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် (LL-B)**
**အထက်တန်းရှေ့နေ(စဥ်-၂၅၀၆၈)**
**Ph-09 253995848 , 09-798420119**

**ဒေါ်ဟန်နွေနိုင်(LL-B)**
**အထက်တန်းရှေ့နေ(စဥ်-၂၇၅၄၄)**
**Ph-09-4200 73685**

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ်(၈၉၅)၊ ဓာတ်လှေကားပါဝင်သော RC(၈)ထပ်ခွဲတိုက်မှ တတိယထပ်၊ (၄-လွှာ)၊ အခန်းအမှတ်(2A-470)၊ ဧရိယာ(600)စတုရန်းပေရှိမီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမင်းသူဟိန်း[၇/ဖမန(နိုင်)၁၃၁၉၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝတ်ရည်ဦး[၁၂/သကတ(နိုင်)၁၇၇၅၄၃]၊ ဦးထူးဇင်နိုင်[၁၂/အစန(နိုင်)၁၉၅၁၂၆] တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝတ်ရည်ဦးနှင့်ဦးထူးဇင်နိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့၊ (က)ရပ်ကွက် ပိုင်ကလောင်လမ်းတွင် နေထိုင်သူ (ဦးမောင်ပြူး)- ဒေါ်တင်တင်စိန် [၃/လဘန(နိုင်)၀၀၃၁၈၇]တို့၏ သားဖြစ်သူ မောင်အောင်ကိုလတ် [၃/လဘန (နိုင်)၀၇၅၉၅၇]သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ကြော်ငြာသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။ ( စုံစမ်းမေးမြန်းခြင်းသည်းခံပါ )

**မိခင်- ဒေါ်တင်တင်စိန် [ ၃/လဘန(နိုင်)၀၀၃၁၈၇]**
**(က)ရပ်ကွက်၊ ပိုင်ကလောင်လမ်း၊ လှိုင်းဘွဲမြို့၊ ကရင်ပြည်နယ်။**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ ရွှေအင်ကြင်းအိမ်ရာ၊ သုဝဏ္ဏလမ်းဆုံ၊ တိုက်(ဒီ)၊ အခန်း(၃)နေ ဒေါ်ချစ်စုမောင် [၁၂/တမန(နိုင်)၁၁၁၅၂၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၀)၊ မြေကွက်အမှတ်(၂၂၄)၊ အကျယ် (၁.၅)ဧကရှိ မြေကွက်အား လက်ရှိထားပိုင်ဆိုင်သူဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းသို့ ကျူးကျော်၍ ခြံစည်းရိုးလာရောက်ခတ်သည့်သူများကိုလည်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံးတော်၌ ရာဇဝတ်ကြီးမှုအမှတ် (၂၂၃/ ၂၀၂၃)နှင့် ရာဇဝတ်ကြီးမှုအမှတ် (၂၂၄/၂၀၂၃) တို့ဖြင့် တရားစွဲဆိုထားလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းအစရှိသည့် ကိစ္စများ မပြုလုပ်ကြရန်နှင့် ထိုသို့ ပြုလုပ်ခဲ့ပါက ရောင်းချသူများနှင့်ဝယ်ယူသူများအား ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ချစ်စုမောင်[၁၂/တမန(နိုင်)၁၁၁၅၂၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းသိန်း (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၅၀၅၂၅/၂၀၁၈)**
**အမှတ်(၁၃၇)၊ ပထမထပ်၊ မြင်တော်သာလမ်းမ၊ ၆/ အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၁၈၉၄၈၊ ၀၉-၉၆၃၃၀၈၀၀၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာ(၅)လမ်း၊ တိုက်အမှတ်(၇)ရှိ မြေကွက်အမှတ်(၆-F/12A-2)၊ မြေတိုင်းရပ်ကွက်အမှတ်(27-D)၊ အကျယ်အဝန်း (၄၉ပေx၂၅ပေ)ပေါ်တွင် ဆောက်လုပ်ထားသော(၆)ထပ် (Hall)တိုက် အဆောက်အအုံမှ မြေညီထပ်၊ တိုက်ခန်း(၁)ခန်း (ရေ၊ မီး အပါအဝင်) (တပ်ဆင်ထားသောပစ္စည်းများအပါအဝင်)နှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်တူး [၁၃/တကန(ပြု)၀၀၁၀၅၆] ကိုင်ဆောင်သူက ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လက်ဝယ်ရှိသည့်အပြင် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နှင်းနွယ်အောင် [၁၃/လရန(နိုင်)၁၇၀၀၁၄] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း (မူရင်း) အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆လွှာ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ Ph:09-260610133**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မဆုမွန်မြင့်[၁၂/လသယ(နိုင်)၀၅၇၂၅၈]၏ နိုင်ငံကူးလက်မှတ်(M 146314)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်-

**Ph:09-791701941**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁ ကံဘဲ့၊ မြေကွက်အမှတ်-၃/၁၅၃၊ ၀.၀၅၃ ဧက၊ မြေကွက်တည်နေရာအမှတ်(၆၈)၊ သဇင်ဖြူ(၄)လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (ဦးတင်မောင်အေး) [၉/မရမ(နိုင်)၀၆၄၁၄၆] အမည်ပေါက် နှစ် (၆၀)မြေငှား ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်အေး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်သန်းမြင့် [၁၂/ရကန(နိုင်) ၀၂၃၆၇၄]မှ မိမိတစ်ဦး တည်းသာ တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ပြီး တစ်ဦးတည်းသော တရားဝင် ဇနီးဖြစ်ပါကြောင်း၊ အမွေဆက်ခံမည့် အခြား ဇနီးတစ်ဦးတစ် ယောက်မျှ မကျန်ရှိပါကြောင်းနှင့် ယနေ့အချိန်ထိ နောက်အိမ်ထောင်ပြုထားခြင်းလည်း မရှိပါကြောင်း (၇-၂-၂၀၂၄) ရက်စွဲပါ တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/သဘော်ာကျင်း)၊ မြေကွက်အမှတ်(၃၈)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၂၈၊ ၁၀ လမ်း၊ သဘော်ာကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးတင်လှ [၁၂/ဒပန(နိုင်)၀၂၂၇၉၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးတင်လှအပေါ် တရားပြိုင်ထားကာ ဒေါ်ထွေးငယ်၊ ဦးခင်မောင်မြင့်တို့မှ တရားလို ပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် ချမှတ်သည့် (၁၈-၅-၂၀၂၁) ရက်စွဲပါ စီရင်ချက် ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၂၄/၂၀၂၂ ၏ (၁၁-၂-၂၀၂၂) ရက်စွဲပါတရားရုံးနေ့စဥ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၆-၄-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ၈၃(က)/၁၃-၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့ အရ တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်) ၀၂၉၅၃၁]မှ ဂရန်မူရင်း၊ မြေခွန်ပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ယခု - ဇဝန)၊ (ယခင် - ၂၇/ခ)၊ မြေကွက်အမှတ် - ၂/ခ-၁၊ အကျယ်အဝန်း ဧရိယာ(၀.၃၃၈)ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အမှတ်-၂၇/ခ၊ သီရိမင်္ဂလာရိပ်သာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူ ဦးယဉ်ဝင်းနိုင် [၆/ကသန(နိုင်)၀၁၂၅၉၄] အမည်ပေါက်လျက်ရှိသော နှစ် (၆၀) ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင် ရောင်းသူမှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄

| | | |
|---|---|---|
| Soe Lay & Daughter Co,Ltd | နှင့် | ၁။ ဦးတိုးလှိုင်ဝင်း |
| (၎င်းကိုယ်စားအထွေထွေမန်နေဂျာ | | ၂။ နော်ထူးကပေါ်ဖော |
| ဦးထွန်းထွန်းဦး) | | ၃။ ဦးမျိုးသိမ်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဆရာစံရပ်ကွက်၊ နယ်မြေ (၃)၊ ပြိုင်တောလမ်းနေ (၁) တရားပြိုင် ဦးတိုးလှိုင်ဝင်း နှင့် (၂) တရားပြိုင် နော်ထူးကပေါ်ဖော၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်၊ မဟာဗန္ဓုလကွက်သစ် (၂) လမ်းနေ (၃)တရားပြိုင် ဦးမျိုးသိမ်း (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ **တရားလိုက စက်ယန္တရားတစ်စီး လက်ရောက်ရလိုမှု (သို့မဟုတ်) စက်ယန္တရား၏ မူလတန်ဖိုးငွေ (၅၂၅၀၀၀၀၀) ရလိုမှုနှင့် စက်ယန္တရားငှားရမ်းခကျန်ငွေ+နောက်ကျ နစ်နာကြေးငွေ စုစုပေါင်း ငွေ(၆၁၃၁၆၄၇၇)ကျပ်ရလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ( ၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၂ရက် )နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် (၁) အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ( ၂၀ ) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဇင်စိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့၊ (၃) ရပ်ကွက်၊ မြသဇင်လမ်း၊ အမှတ်(၃၅၂)ရှိ အိမ်ခြံမြေ ဧရိယာ အလျား (၂၅ပေ)၊ အနံ (၅၀ပေ)ရှေ၊ မီတာ၊ အိမ်အပါအဝင် အကျိုးခံစားခွင့်အား ဂရန်အမည်ပေါက် ဦးဖေဝင်း၏ သမီးဖြစ်သူ ဒေါ်ခင်အေးဝင်း အပါအဝင် မောင်နှမ(၃)ဦးတို့မှ လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုနိုင် [၁၂/မဂဒ(နိုင်)၀၂၈၃၉၆]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ အဆိုပါ အိမ်၊ ခြံ၊ မြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန္ဒာမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၉၁၅)**
**ဖုန်း-၀၉-၄၂၁၀၇၀၆၉၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ်(၈၁)ဟုခေါ်တွင်သော (၇)ထပ်တိုက်မှ (၄လွှာ) (ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂.၆ပေ x ၅၀ပေ)၊ တိုက်ခန်း(၁)ခန်း (ရေ၊ မီးအပါအဝင်)၊ (တပ်ဆင်ထားသော Air-con (၁)လုံး၊ ရေပူရေအေးစက် (၁)လုံး၊ Auto Pressure Pump (၁)လုံး အပါအဝင်) နှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါက်တာမြတ်သီတာထွန်း [၁၂/လမတ(နိုင်)၀၀၁၁၉၈] ကိုင်ဆောင်သူက ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လက်ဝယ်ရှိသည့်အပြင် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်နှင်းယုမော် [၁၂/လမတ(နိုင်)၀၁၁၆၆၇] နှင့် ဒေါ်ဥမ္မာမြင့် [၁၂/လမတ(နိုင်)၀၀၇၈၀၅] ကိုင်ဆောင်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း(မူရင်း) အထောက်အထား ခိုင်လုံစွာဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း(LL.B)**
**(အထက်တန်းရှေ့နေ) (စဥ်-၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆လွှာ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-260610133**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစန်းလှိုင်
**ညွှန်ကြားရေးမှူး (စက်မှုလယ်ယာ/ကကငွေ-ငြိမ်း)**
**အသက် (၈၇)နှစ်**

ဦးဇော်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)- ဒေါ်မိုးမိုးကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ ဖခင်ကြီး ဦးစန်းလှိုင်သည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ အမှတ် (၄၆) ရွှေလမ်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစန်းလှိုင်
**ညွှန်ကြားရေးမှူး (စက်မှုလယ်ယာ/ကကငွေ-ငြိမ်း)**
**အသက်(၈၇)နှစ်**

ဦးဇော်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်မိုးမိုးကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ ဖခင်ကြီးဖြစ်သူ ဦးစန်းလှိုင် အသက်(၈၇)နှစ်သည် ၂၆-၃-၂၀၂၄ ရက် (အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ အမှတ် (၄၆)၊ ရွှေလမ်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း/အမှုထမ်းများ**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစန်းလှိုင်
**ညွှန်ကြားရေးမှူး(စက်မှုလယ်ယာ/ကကငွေ(ငြိမ်း)**
**အသက်(၈၇)နှစ်**

ဦးဇော်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်မိုးမိုးကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ ဖခင်ကြီးဖြစ်သူ ဦးစန်းလှိုင် အသက်(၈၇)နှစ်သည် ၂၆-၃-၂၀၂၄ ရက် (အင်္ဂါနေ့)ညနေ ၅:၁၅ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ အမှတ်(၄၆)ရွှေလမ်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ငွေတိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစန်းလှိုင်
**ညွှန်ကြားရေးမှူး (စက်မှုလယ်ယာ/ကကငွေ-ငြိမ်း)**
**အသက်(၈၇)နှစ်**

ဦးဇော်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်မိုးမိုးကြည်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ ဖခင်ကြီးဖြစ်သူ ဦးစန်းလှိုင် အသက်(၈၇)နှစ်သည် ၂၆-၃- ၂၀၂၄ ရက်နေ့(အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ အမှတ် (၄၆)၊ ရွှေလမ်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ဗဟိုစာရင်းအင်းအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကြည်ကြည်ဝင်း (မမီး)
**ရေကျော်(ပုဇွန်တောင်)**
**အသက်(၆၅) နှစ်**

အမှတ် (၅)၊ နှင်းပန်းလမ်း၊ ရေကျော် (ပုဇွန်တောင်မြို့နယ်)တွင်နေထိုင်သူ (ဦးလှကြည်-ဒေါ်အေးမြင့်)တို့၏ သမီးအငယ်ဆုံးဖြစ်သူ ညီမငယ်လေး ဒေါ်ကြည်ကြည်ဝင်း(မမီး) အသက် (၆၅)နှစ်သည် ၂၅-၃-၂၀၂၄ ရက် နံနက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းမွန်ရာဘုံဘဝမှာ အေးချမ်းစွာနေနိုင်ပါစေ။ ပြုသမျှ ကုသိုလ်ကောင်းမှုများကိုလည်း အမျှ အမျှ အမျှ ပေးဝေပါတယ်။

**ဒေါက်တာမျိုးသန့်တင်-ဒေါက်တာဒေါ်မြရီ (မြန်မာနိုင်ငံစဥ္စအသင်း)**
**ဦးဝင်းနိုင်(မြန်မာနိုင်ငံစဥ္စအသင်း)-ဒေါ်သင်းသင်းရီ (မြန်မာ့မီးရထား)**
**ဦးစစ်တောင်းဇော်(မြန်မာနိုင်ငံစဥ္စအသင်း)-ဒေါ်သင်းသင်းမြ (မြန်မာနိုင်ငံစဥ္စအသင်း)**
**တွံတေးမြို့နယ် မြန်မာနိုင်ငံစဥ္စအသင်းနှင့်**
**ကျောက်မြောင်းမြို့နယ် မြန်မာနိုင်ငံစဥ္စအသင်းမိသားစုများ**




### ဦးစန်းလှိုင်
**ညွှန်ကြားရေးမှူး (စက်မှုလယ်ယာ/ကကငွေ-ငြိမ်း)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ ရွှေလမ်း၊ အမှတ်(၄၆)နေ (ဦးမောင်ကြီး-ဒေါ်ထွေးစိန်)တို့၏ သား၊ [သခင်သိန်းဖေ(ဝါးခယ်မ)-ဒေါ်တင်တင်]တို့၏ သားသမက်၊ (ဦးသောင်း၊ ဒေါ်ညွှန့်တင်)၊ (ဒေါ်ခင်အေး-ဦးစောညွှန့်)တို့၏ ညီ/မောင်၊ (ဒေါ်တင်တင်ဝင်း-ဦးတင်အောင်)၊ ဗိုလ်မှူးရဲမြင့်(ငြိမ်း)-ဒေါ်သန်းရှင်တို့၏ အစ်ကို၊ ဒေါ်တင်တင်သိန်း၏ခင်ပွန်း၊ ဒေါ်ခင်သီတာလှိုင်-ဦးလှိုင်ဝင်း (Y.R.T.C)၊ ဦးဇော်နိုင်(ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်မိုးမိုးကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးဇော်လှိုင်(USA)-ဒေါ်အေးအေးဖြိုး (USA)၊ ဦးဇော်မင်း-ဒေါ်ဆွေဆွေသက်၊ ဦးကျော်ဇော်လှိုင် (USA)-Dr. ဇေယျမြင့်(USA)တို့၏ ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၂၄ (တနင်္လာနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစန်းလှိုင်
**ညွှန်ကြားရေးမှူး (စက်မှုလယ်ယာ/ကကငွေ-ငြိမ်း)**
**အသက် (၈၇)နှစ်**

ဦးဇော်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန) - ဒေါ်မိုးမိုးကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏ဖခင်ကြီး ဦးစန်းလှိုင်သည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**မြန်မာ့အာမခံလုပ်ငန်း**

## ဦးမျိုးသန့်(ခ)ဦးမောင်မောင်(မြိတ်)
**အသက်(၆၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကံဖျားရပ်ကြီး၊ ထုံးဖိုလမ်းနေ (ဦးကင်စုံ-ဒေါ်ရှုစွမ်)တို့၏ သား၊ ပုလောမြို့နယ်၊ ကျောက္ကာကျေးရွာနေ (ဦးအောင်မြင့်-ဒေါ်နွဲ့)တို့၏ သားသမက်၊ မြိတ်မြို့၊ အေးချမ်းသာယာရပ်၊ ကံ့ကော်လမ်းနေ ဒေါ်ခင်ခင်သီ၏ ခင်ပွန်း၊ ကိုဟုန်ဝေလင်း-မလွင်လွင်အောင်၊ ကိုစိုးမင်းပိုင်-မသီရိဝေ၊ မရွှေရည်ဝေ၊ မဖူးပွင့်ဝေတို့၏ကျေးဇူးရှင်ဖခင်၊ မအေးချမ်းမြေ့မွန်၊ မောင်လင်းသုတပိုင်တို့၏ဘိုးဘိုး ဦးမျိုးသန့်(ခ)ဦးမောင်မောင်သည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရုပ်ခန္ဓာအား ၃၀-၃-၂၀၂၄ (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ကလွင်ရပ်ကွက်ရှိ တရုတ်သုသာန်၌ ဂူသွင်းပို့ဆောင်ပါမည်။

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဦးမျိုးသန့်(ခ)ဦးမောင်မောင်(မြိတ်)
**အသင်းဝင်အမှတ်-၁၀၄၈**
**အသက်(၆၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အေးချမ်းသာယာရပ်၊ ကံ့ကော်လမ်းနေ ဒေါ်ခင်ခင်သီ၏ခင်ပွန်း ဦးမျိုးသန့်(ခ) ဦးမောင်မောင်သည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့)နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၂၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်ရပ်ကွက်ရှိ တရုတ်သုသာန်သို့ ဂူသွင်းပို့ဆောင်ပါမည်။

နာယက၊ အမှုဆောင်အဖွဲ့

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မြိုင်လမ်း၊ အမှတ် (၅၇)နေ ဦးစောထွန်း [၁၂/လသယ(နိုင်)၁၀၀၉၅၀]၊ ဒေါ်မေသူ [၁၂/ကခက(နိုင်)၁၁၆၃၇၉]တို့ ဇနီးမောင်နှံ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မေသူ၏မောင်ဖြစ်သူ ကိုအောင်မျိုးမြတ် [၁၂/ကခက(နိုင်)၁၂၉၆၁၇]၏ ငွေရေးကြေးရေးပြဿနာများကို ကျွန်ုပ်မိတ်ဆွေများမှ တတ်နိုင်သမျှ ဖြေရှင်းပေးခဲ့ပြီးဖြစ်ပါသည်။ ယနေ့မှစ၍ ကိုအောင်မျိုးမြတ်မှ ကိုအောင်မျိုးမြတ်အမည်ဖြင့်လည်းကောင်း၊ ကိုညိုဝင်းအောင် အမည်ဖြင့်လည်းကောင်း Online မှဖြစ်စေ၊ လူပုဂ္ဂိုလ်ကိုယ်တိုင်ဖြစ်စေ ကိုအောင်မျိုးမြတ်နှင့်ပတ်သက်သော ငွေရေးကြေးရေးပြဿနာအရှုပ်အရှင်းများ၊ အခြားလူမှုရေးပြဿနာများအပါအဝင် အခြားမည်သည့်ကိစ္စမျှ ကျွန်ုပ်၏မိတ်ဆွေများနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် အာမခံအဖြစ် ကျွန်ုပ်မိတ်ဆွေများ၏အမည်နှင့် မှတ်ပုံတင်နံပါတ်များအား အလွဲသုံးစားပြုသူများကို ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ကိုအောင်မျိုးမြတ်အပါအဝင် ၎င်းမိသားစုဝင်များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဝင်းမာလာ LL.B** | **ဦးဉာဏ်လင်းအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၆၅၀)** | **(စဉ်-၁၉၀၁၅)** |

**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၆၉၂၇၇၂၇၉၂**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ယောဂီ ဒေါ်ခင်ခင်ဝင်း (ခ) တေးသံရှင် ဒေါ်မြတ်စံပယ်ဖြူ
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်ကို-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးစံသိမ်း-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးတင်ဝင်း)၏ညီမ၊ ဦးစံဝင်း-ဒေါ်လှသွယ်၊ (ဦးသိန်းဝင်း)၊ ဦးအေးဝင်း-(ဒေါ်စုစန်)၊ ဦးထွန်းအေး-ဒေါ်ကြည်ကြည်ဝင်း၊ ဦးစိုးဝင်း-ဒေါ်ရီရီအေး၊ ဒေါ်စိန်စိန်ဝင်း၊ ဦးကျော်ဝင်း-ဒေါ်ချိုချိုဝင်းတို့၏အစ်မ၊ ဂီတစာဆို ဦးမောင်မောင်လေး၏ဇနီး၊ ကိုဇော်အောင်-မရွှေရည်ဝင်းခိုင်၊ ကိုကျော်ခိုင်-မမြရည်ဝင်းခိုင်၊ ကိုဖြိုးစက်တင်မောင်-မစုမြတ်ရွှေ၊ ကိုမင်းဟိဏ်းတို့၏မိခင်၊ မထက်ရွှန်းလဲ့အောင်၊ မောင်ပြည့်ရှိုင်းသန့်၊ မောင်ရှင်းသန့်အောင်တို့၏အဘွားသည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) ည ၁၁:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၈-၃-၂၀၂၄ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား နံနက် ၇ နာရီမှ ၁၁ နာရီထိ တိုက်(၃၀၉)၊ အခန်း(3-A)၊ အောင်မေတ္တာအထက်လမ်း၊ ယမုံနာ (၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြိုင်
**ကူရှင်ကျောင်းသူဟောင်း (ထ/၄၊ အလုံ)**
**ဗိုလ်ချုပ်ဈေးကော်မတီဝင်ဟောင်းနှင့် ထားဝယ်အသင်းရာသက်ပန်အသင်းဝင်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပထမသီရိရိပ်သာ၊ အမှတ် (၁၆၆-B)၊ အခန်း (၇)နေ (ဦးဘဆန်း-ဒေါ်လှမြင့်)တို့၏ သမီး၊ (ဒေါ်ဝင်းကြည်)၊ ဒေါ်သိန်းသိန်းညွန့် (ခေတ္တ-ဘန်ကောက်)၊ ဒေါ်အေးမြိုင် (ငြိမ်း-MEIC)၊ (ဦးထွန်းဝင်း-ဒေါ်ညွန့်ညွန့်အေး)တို့၏ ချစ်လှစွာသောညီမ၊ (ဦးစိုးဝင်း)၊ ဒေါ်စုစုမေ (ဆရာမ-ငြိမ်း၊ ထ/၆၊ အလုံ)တို့၏ ချစ်လှစွာသောအစ်မ၊ ဦးမောင်မောင်ဦး-ဒေါ်ဥမ္မာသီ (စင်ကာပူ)၊ ဒေါ်စန္ဒာသီ (ခေတ္တ-ဘန်ကောက်)တို့၏ ချစ်လှစွာသောအဒေါ်၊ မရှင်မိုးဦး၊ မိုးသဥ္စာမောင်တို့၏အဘွား ဒေါ်ခင်မြိုင်သည် ၂၂-၃-၂၀၂၄ ရက် မွန်းလွဲ ၁၂:၀၅ နာရီတွင် ရွှေလမင်းဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား ညှိုးငယ်သောစိတ်ဖြင့် အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်သန်းမြင့်
**အပူဇော်ခံပုဂ္ဂိုလ်၊ အသင်းဝင်အမှတ်- ၆၁၉၀**
**အသက်(၉၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ အမှတ် (၁)ရပ်ကွက်၊ ကျောင်းကြီးတောင်ပိုင်းနေ (ဦးဘစိုး)၏ဇနီး ဒေါ်သန်းမြင့်သည် ၂၆-၃-၂၀၂၄ (အင်္ဂါနေ့) ည ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ခရမ်း (၁၀)ရပ်ကွက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

နာယက၊ အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ တိုက်အမှတ် (၅၁/ခ)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် (၂)လွှာ၊ ခေါင်းရင်းခန်းနှင့် ခြေရင်းခန်း တိုက်ခန်း(၂)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်း၍ လက်ရှိပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပွင့်ဦးမော် [၁၂/အလန(နိုင်)၀၄၂၈၇၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းမင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၂၇၃၂၀)**
**အမှတ်- ၅၊ တောလမ်း၊ ဈေးကလေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-262740267**

**ကမ္ဘာ့**
**အပူချိန်**
**လျှော့ချဖို့**
**အိုဇုန်းလွှာ**
**ကာကွယ်မှုနဲ့**
**အတူ**
**ဆက်လက်**
**ဆောင်ရွက်စို့**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန် နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ



နေပြည်တော် မတ် ၂၇

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် နှစ်ဦးနှင့် တတိယအဆင့် နှစ်ဦး စုစုပေါင်း လေးဦးတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြု တွေ့ဆုံသည်။

ဂါရဝပြုပေးအပ်

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများအား တစ်ဦးချင်းမေးမြန်းအားပေးစကားပြောကြားပြီး အားဖြည့်ငှက်သိုက်များနှင့် ဂါရဝပြု ချီးမြှင့်ငွေများကို ကိုယ်တိုင်ကိုယ်ကျ ဂါရဝပြုပေးအပ်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ★

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များအား အားဖြည့်ငှက်သိုက်များနှင့် ဂါရဝပြု ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## ယနေ့ ဖတ်စရာ

**လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပ**

စာမျက်နှာ » ၂၁

**အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်ရှိ Francis Scott Key သံမဏိတံတား ကျိုးကျပျက်စီး၍ ခြောက်ဦးသေဆုံး**

စာမျက်နှာ » ၂၃

## ယူရို ၂၀၂၄ ပြိုင်ပွဲ၏ play-off ပွဲစဉ်များအပြီး အုပ်စုအဆင့်ပွဲစဉ်များ ထွက်ပေါ်လာ

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ယူရို ၂၀၂၄ ပြိုင်ပွဲရဲ့ နောက်ဆုံးအဆင့် play-off ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားပြီးချိန်မှာ အုပ်စုအဆင့်ပွဲစဉ်တွေ ထွက်ပေါ်လာခဲ့ပြီဖြစ်ပါတယ်။

မတ် ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲရဲ့ နောက်ဆုံးအဆင့် play-off ပွဲစဉ်တွေမှာ ပိုလန်အသင်း၊ ယူကရိန်းအသင်းနဲ့ ဂျော်ဂျီယာအသင်းတို့က ပြိုင်ဘက်အသီးသီးကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

